မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၅၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်အောင် တက်ညီလက်ညီကြိုးပမ်း ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုး မိုးစပါးစိုက်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်

နေပြည်တော် ဇွန် ၁၃

မကွေးတိုင်း သရက်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဇွန် ၁၁ ရက် နံနက် ၈ နာရီတွင် သရက်မြို့နယ် ထုံးတောင်ကျေးရွာအနီး၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူပင်ကို စတင်စိုက်ပျိုးပေး၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

သရက်မြို့နယ်အတွင်း ယခုနှစ်တွင် ကြက်ဆူပင် ၃၀၀၃ ဧက စိုက်ပျိုးရန်လျာထားပြီး တပ်ရင်းတပ်ဖွဲ့များက

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် ကံမ မြို့နယ် မဒေးချောင်း ရေလှောင်တမံကိုကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

စီမံကိန်းများ ပြည့်မြောက်အောင်မြင်ရေး ဝိုင်းဝန်းဆောင်ရွက် လက်ဖက်ပင်များ ကွန်တိုလိုင်းစနစ်ဖြင့် ခေတ်မီစွာစိုက်ပျိုးထုတ်လုပ် ဒေသဖွံ့ဖြိုးတိုးတက်ရေး စေတနာထား ပူးပေါင်းလုပ်ကိုင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း နမ့်ဆန်မြို့ လေလု ဘောလီတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် နမ့်ဆန်မြို့ရှိ မြို့ကျက်သရေဆောင်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ နမ့်ဆန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလွင်က ဒေသဆိုင်ရာ အချက်အလက်များ၊ မြေအမျိုးအစားနှင့် အသုံးချမှု၊ ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

သွေးလှူဒါန်းခြင်းဖြင့် ထူးကဲမွန်မြတ်သည့် ကုသိုလ်ကောင်းမှုပြု

"သွေးသည် အသက်၊ အသက်သည် သွေး"ဟူသောဆိုစကားရှိသည်။ လူတို့အသက်ရှင်ရပ်တည်နိုင်ရေးအတွက် သွေးသည် အဓိကလိုအပ်သည်။

ပြင်းထန်သော ထိခိုက်ဒဏ်ရာများ၊ ရောဂါဝေဒနာများကြောင့် ခွဲစိတ်ကုသမှုခံယူရလျှင်သော်လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ကလေးမွေးဖွားစဉ် သွေးသွန်၍သော်လည်းကောင်း၊ သွေးနှင့်ပတ်သက်သည့် ရောဂါဝေဒနာများကြောင့်သော်လည်းကောင်း သွေးသွင်းကုသမှုခံယူရတတ်ပေသည်။

သွေးကို လိုအပ်သည့်အချိန်တွင် လိုအပ်သည့်ပမာဏသွင်း၍ ကုသနိုင်ပါမှ အသက်ချမ်းသာရာရနိုင်မည်ဖြစ်သည်။ ထို့ကြောင့် သန့်စင်သောသွေးကို လှူဒါန်းကြသောသွေးလှူရှင်များသည် ဘဝတစ်သက်တာတွင် ကျေးဇူးတင်ထိုက်သူများဟု ဆိုရပေမည်။

သွေးလှူရှင်က စေတနာဖြင့် လှူဒါန်းလိုက်သော်လည်း မသန့်ရှင်းသော သွေးကြောင့် လူနာအတွက် ထိခိုက်မှုမရှိစေရန် အမျိုးသားသွေးဌာနက အထူးသတိထားဆောင်ရွက်ပေးလျက်ရှိရာ သွေးလှူရှင်အတွက်လည်း ကောင်းမွန်၊ သွေးသွင်းကုသခံရမည့်လူနာအတွက်လည်း အန္တရာယ်ကင်းသော သွေး ရယူမှုဖြစ်သဖြင့် ထိရောက်သော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်သည်။

သန့်ရှင်းပြီး ကျန်းမာရေးအတွက် စံချိန်မီသောသွေးများလှူဒါန်းနိုင်ရန် သွေးလှူဒါန်းမည့်သူသည် သွေးမလှူဒါန်းမီ မိမိကိုယ်တိုင်ကျန်းမာရေးကောင်းမွန်ရန် အနေအထိုင်၊ အစားအသောက်ကအစ ဆင်ခြင်နေထိုင်လျှင် ပိုမိုကောင်းမွန်ပေသည်။

သွေးလှူဒါန်းနိုင်သူအဖြစ် သာမန်အားဖြင့် အသက် ၁၈ နှစ်မှ ၅၅နှစ်အတွင်းဖြစ်ရမည်။ အမျိုးသားများအတွက် ကိုယ်အလေးချိန် ပေါင်၁၁၀အထက်ရှိရပြီး အမျိုးသမီးများအတွက် ပေါင်၁၀၀အထက်ရှိရမည်။ လတ်တလော ရောဂါဝေဒနာခံစားရမှု မရှိသူဖြစ်ရမည် ဖြစ်သည်။

တစ်ဖန် ထုတ်ယူပြီးသောသွေးများကို အိပ်ချ်အိုင်ဗွီ၊ အသည်းရောင် အသားဝါဘီနှင့်စီပိုးများ၊ ကာလသားရောဂါပိုးများ ရှိမရှိကို ဓာတ်ခွဲကျွမ်းကျင်သူများက စနစ်တကျ စစ်ဆေးပြီးမှ လက်ခံထားရှိခြင်းဖြစ်ရာ သန့်စင်သည့်သွေးများ လှူဒါန်းနိုင်ကြပါသည်။

မြန်မာတို့သည် အလှူဒါနပြုရန် လက်မနှေးသူများဖြစ်ကြသည်။ ဌာနဆိုင်ရာအလိုက်၊ အဖွဲ့အစည်း အလိုက်၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် သွေးလှူဒါန်းကြသောသတင်းများကို မကြာခဏတွေ့မြင် ကြားသိနေရသည်။ မြန်မာတို့အနေဖြင့် သွေးလှူခြင်းသည် ထူးကဲမွန်မြတ်သော ကုသိုလ်တစ်မျိုးဖြစ်သည်ဟုယူဆပြီး လှူဒါန်းလေ့ရှိကြသည်။

ထို့ကြောင့် အသက်အန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့နေရသောဝေဒနာရှင်များအတွက် လိုအပ်သော သန့်စင်သည့်သွေးကို လှူဒါန်းခြင်းဖြင့် ထူးကဲမွန်မြတ်သည့် ကုသိုလ်ကောင်းမှုပြုသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၄–၆–၂၀၀၆
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ FIFA World CUP GERMANY 2006 ဘောလုံးပွဲ Korea Vs Togo (Delay)
၆:၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၆။ နိုင်ငံတကာသတင်း
၆:၂၀ ၇။ မိုးလေဝသသတင်း
၆:၂၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၉။ လျှပ်တစ်ပြက်
၇:၀၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း–၃၆)
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၃။ English Usage
၁၄။ ဗီစီဒီကျော်ကြားတေးများ
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ FIFA World CUP GERMANY 2006 ဘောလုံးပွဲ Tunisia Vs Saudi Arabia (Live)

၁၅–၆–၂၀၀၆ (နံနက်ပိုင်း)

၀၁:၃၀ ၁။ FIFA World CUP GERMANY 2006 ဘောလုံးပွဲ Germany Vs Poland (Live)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၆–၂၀၀၆(ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	အာရှတံခွန်စိုက် ဘိလိယက် ချန်ပီယံမြန်မာ
၇:၃၅	ပြည်တွင်းသတင်းအကျဉ်း
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	မေးကြည့် ဖြေကြည့်ပဟေဠိ
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၂၀	ချိုဆိမ့်မွှေးမွှေး သကြားလုံးလေး
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	နိုင်ငံတကာအနုပညာရေးရာ (ဇင်အောင်အောင်၊ စုမြတ်မွန်)
၉:၀၀	မိုးလေဝသခန့်မှန်းချက်
၉:၀၅	ဆီးချို၊ သွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ (အပိုင်း–၁)
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	သိစေချင်သည် ICT (MCC)
၉:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	Myanmar Video Rhythm
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	အကွက်ဖော်အထပ်သားနှင့် သစ်ပါးလွှာပန်းချီ ထုတ်လုပ်မှုလုပ်ငန်း
၁၁:၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀	သွင်းကုန်အစားထိုး စံချိန်မီ မော်တာပန်ကာကြိုး
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်မြို့ ကျောင်းသုံးစာအုပ် သိုလှောင်ရုံမှ တစ်ဆင့် ပေးပို့လှူဒါန်းသော လက်ဆင့်ကမ်း ကျောင်းသုံးဖတ်စာအုပ်များကို မရမ်းကုန်းမြို့နယ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၈ ရက်က အမက(၂) မရမ်းကုန်းတွင် ကျင်းပရာ တာဝန်ရှိသူများက လက်ဆင့်ကမ်း ကျောင်းသုံးဖတ်စာအုပ်များကို ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလထက်စော အကောင်အထည်ဖော် မိုးရာသီတွင် ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ ကြိုးစားလုပ်ကိုင်

ရန်ကုန် ဇွန် ၁၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော် တည်ဆောက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၁၀ ရက်က ရခိုင်ပြည်နယ် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူ့ငွေးရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော သူ့ငွေးရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းတင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် လုပ်ငန်းသုံးယာဉ်၊ ယန္တရားများနှင့် ပစ္စည်းရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြ၍ ဒုတိယဝန်ကြီးက ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကိုမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စီမံကိန်းဒေသမှ ရရှိနိုင်မည့် လုပ်ငန်းသုံး သဲ၊ ကျောက် နမူနာများနှင့် တမံအူလမ်းကြောင်းတစ်လျှောက် စိန်လွန်တွင်းစမ်းသပ်တူးဖော်ရရှိသည့် ကျောက်သားနမူနာတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ရခိုင်ပြည်နယ် သံတွဲမြို့ သူ့ငွေး ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။
(အမှတ်(၁)လျှပ်စစ်စွမ်းအား)

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သူ့ငွေးချောင်း၏ ဝဲဘက်ကမ်း၊ ယာဘက်ကမ်းတို့၌ တမံတည်ဆောက်ရန် တောရှင်းခြင်းလုပ်ငန်း၊ ပြင်ညီခုံများတည်ဆောက်ခြင်းလုပ်ငန်း၊ ဓာတ်အားပေး စက်ရုံတည်ဆောက်ရန် လျာထားသည့်နေရာ၊ ချောင်းအတွင်း ရေဝင်ရောက်မှု၊ ရေစီးဆင်းမှုအခြေအနေတို့ကိုသူ့ငွေးချောင်း တစ်လျှောက် စက်လှေဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တာဝန်ရှိသူများအား စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ကာလထက်စော၍ အကောင်အထည်ဖော်တည်ဆောက်ရေး၊ မိုးရာသီတွင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ကြိုးစားလုပ်ကိုင်ကြရေး၊ ဝန်ထမ်းများ ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖြန့်ဖြူးပေးမည်

သူ့ငွေးရေအားလျှပ်စစ် စီမံကိန်း ပြီးစီးပါက ၃၄မဂ္ဂါဝပ် အင်အားရှိ ဓာတ်အားပေးစက်သုံးလုံး စုစုပေါင်း စက်တပ်ဆင်အင်အား၁၀၂မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း၃၄၈သန်း ထုတ်လုပ်၍ ရခိုင်ပြည်နယ်နှင့် ဒေသအသီးသီးသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးပြီး မဟာဓာတ်အားစနစ်နှင့် ဆက်သွယ်၍ ကျန်ဒေသများသို့ပါ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းဖြန့်ဖြူးပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဌေးသို့လည်းကောင်း၊ နမ့်ဆန်မြို့နယ် ပညာရေးဝန်ထမ်းများအတွက် တူညီဝတ်စုံများကို မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းဆွေသို့လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်တစ်လုံးကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းဆိုင်လီခမ်းသို့လည်းကောင်း၊ ဒေသခံတိုင်းရင်းသားအဖွဲ့အတွက် ဆေးဝါးပစ္စည်းများကို ယင်းအဖွဲ့မှ ဦးထွန်းမြတ်လေးသို့လည်းကောင်း ပေးအပ်သည်။

ပညာပေးဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့သည် သဘာဝရှုမျှော်ခင်း သာယာလှပပြီး ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်မှုရှိသော တောင်စခန်းမြို့ တစ်မြို့ဖြစ်ရာ ဒေသနှင့်လျော်ညီသည့် သပ်ရပ်သောတည်းခိုစရာများ ဖန်တီးထားရှိပါက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖြင့် ဝင်ငွေရရှိနိုင်ကြောင်း။

ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် လက်ဖက်စိုက်ပျိုးခြင်းမှ ရရှိသည့် အချိုခြောက်၊ လက်ဖက်စို၊ အခါးခြောက် စသည့် ဒေသထွက်ကုန်များကို အမျိုးအစား၊ အရည်အသွေး ပိုမိုကောင်းသည်ထက်ကောင်းအောင် ထုတ်လုပ်ပြီး ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာများက နည်းလမ်းများ ရှာပေးကြရမည်ဖြစ်ကြောင်း၊ လက်မှုလုပ်ငန်းမှသည် စက်မှုလုပ်ငန်းအထိ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် အထူးသဖြင့် လက်ဖက်ပင်များ ကွန်တိုလိုင်းစနစ်ဖြင့် ခေတ်မီစွာစိုက်ပျိုးထုတ်လုပ်သွားနိုင်ရေး ရှင်းလင်း အသိပညာပေးကြရမည်ဖြစ်ကြောင်း၊ ဒေသ ဝမ်းစာဖူလုံရေးအတွက် ခေတ်မီစိုက်ပျိုးနည်းစနစ်များကို အသုံးပြု စိုက်ပျိုးဆောင်ရွက်ရေးအတွက် ဌာနဆိုင်ရာများက ဒေသခံတိုင်းရင်းသား တောင်သူများအား စည်းရုံးပညာပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ထာဝရ အေးချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာအောင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် ဘက်စုံ၊ ကဏ္ဍစုံက လက်တွဲညီညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဟန်ချက်ညီညီ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့ဖြင့် ဟန်ချက်ညီညီဆောင်ရွက်ခြင်းကြောင့် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ကျကျ သိမြင်ခံစားကြရပြီဖြစ်ကြောင်း။

ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်၏ စီမံကိန်းများ ပြည့်မြောက်အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဒေသခံလူငယ်များ ပညာရည်မြင့်မားရေးနှင့် ကွန်ပျူတာပညာ၊ အင်တာနက်ပညာရပ်များ ထိတွေ့ဆက်စပ် လေ့လာဆည်းပူးနိုင်ရေးအတွက် မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ထို့အတူ ကျေးလက်မီးလင်းရေးအတွက် ရေအားလျှပ်စစ် စက်အသေးစားများကို ကျေးရွာအစီအစဉ်ဖြင့် တပ်ဆင်ခြင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးကူညီအားပေးသွားရန်လိုကြောင်း။

ပူးပေါင်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပြီး ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရေးနှင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံကောင်း၊ ဉာဏ်ကောင်းထုတ်ကာ စေတနာထားပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဖြည့်စွက်ရှင်းလင်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ရှိ တပ်မတော်လက်ဖက်ခြောက်စက်ရုံ(နမ့်ဆန်)သို့ ရောက်ရှိကြရာ စက်ရုံရှိ မဏ္ဍိုင်စည်သူခန်းမ၌ စက်ရုံတာဝန်ခံ ဗိုလ်ကြီးသန်းထွန်းက စက်ရုံ၏ သမိုင်းအကျဉ်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဇယား၊ ကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော် လက်ဖက်ခြောက်စက်ရုံ(နမ့်ဆန်)အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စက်များကို အမြဲတမ်းလည်ပတ်နိုင်အောင် ကြံ့ခိုင်ရေးလုပ်၍ မွမ်းမံထိန်းသိမ်းအသုံးပြုရေး၊ လျာထားချက်ထက် ပိုမိုရရှိအောင် ထုတ်လုပ်ရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိရေးတို့ကို မှာကြားသည်။

ရှင်းလင်းပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ရှိ နေမျိုးနဂါးနွယ်မိသားစု လက်ဖက်စိုလုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ လုပ်ငန်းရှင် ဦးလှမြင့်က လက်ဖက်စိုထုတ်မှု အဆင့်ဆင့်ဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိမိတို့၏ရိုးရာလုပ်ငန်းကို ပြည်တွင်း၌သာမက ပြည်ပကပါ စိတ်ဝင်စားလာပြီး အကျိုးအမြတ်ရနိုင်မည့် ဈေးကွက်ရအောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာသန်းဌေးနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြပြီး ဆေးရုံရှိ လူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ရုံတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

မိသားစုသဖွယ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးတို့က ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော ဒေသခံတိုင်းရင်းသားပြည်သူများအား အာဟာရစားသောက်ဖွယ်များကို ထောက်ပံ့ပေးအပ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆေးဝါးများကို စနစ်တကျ စာရင်းဇယားဖြင့် ထိန်းသိမ်းအသုံးပြုသွားရေး၊ လူနာများအား မိသားစုသဖွယ် ပြုစုစောင့်ရှောက်ကုသသွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နမ့်ဆန်–လေလု–ပန်လုံလမ်းတစ်လျှောက်၏ လမ်းပိုင်းအခြေအနေ၊ ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်း အခြေအနေတို့ကို ကြည့်ရှုကြသည်။

ပြည့်စုံအောင်ဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် နမ့်ဆန်–လေလု–ပန်လုံလမ်းရှိ အရှည်ပေ ၃၁၀ ရှိ လေလုဘေလီတံတားသို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ရှမ်းပြည်နယ်(မြောက်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းနှင့် ကျောက်မဲခရိုင် အင်ဂျင်နီယာမှူး ဦးခင်မောင်အေးတို့က လေလုဘေလီတံတားကို လက်ရှိခံနိုင်ဝန် ၁၃ တန်မှ တန် ၃၀ အထိ ခံနိုင်ဝန်ရှိသော ဘေလီနှစ်ထပ်တံတားအဖြစ် အဆင့်မြှင့်တင်နိုင်သည့် အစီအစဉ်များနှင့် ဒေသ၏လမ်းပန်းဆက်သွယ်မှု၊ အဆင့်မြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တံတား၏ လက်ရှိအခြေအနေနှင့် လေလုချောင်း၏ ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သောတိုင်းတာတွက်ချက်မှုများ ပြည့်စုံအောင် ဆောင်ရွက်တင်ပြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့သို့ ညနေပိုင်းတွင်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကြီးမှူး ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေး

နေပြည်တော် ဇွန် ၁၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကြီးမှူး၍ ရာသီအလိုက် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး၊ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၁ ရက်တွင် တပ်ကုန်းမြို့ သာသနဗိမာန်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော် တိုင်းမှူး၏ ဇနီးနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြော

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဝမ်းလျှော၊ ဝမ်းပျက်ရောဂါအကြောင်းကို ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကူးစက်ရောဂါဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်တင်တင်အေးက လည်းကောင်း၊ ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများအကြောင်းကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ခင်မွန်မွန်က လည်းကောင်း ဟောပြောကြသည်။

ရှင်းလင်းပြောကြား

၎င်းနောက် တက်ရောက်လာကြသူများက ပြန်လည် ဆွေးနွေးတင်ပြသည်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်အေးအေးက ငွေကျပ်ငါးသိန်းနှင့် ယင်လုံအိမ်သာဆောက်လုပ်ရန် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီအေးက လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)အတွင်းရေးမှူးဒေါက်တာ ဒေါ်ဝေဝေသာက ဆေးနှင့်ဆေးပစ္စည်းများပေးအပ်ရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ကြည်ကြည်ခိုင်က လည်းကောင်း၊ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရန် တပ်ကုန်းမြို့နယ်အတွက် ခြင်ထောင်ဆေးစိမ်ဆေးပြားများကို ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ခင်မွန်မွန်က ပေးအပ်ရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နီနီအေးက လည်းကောင်း လက်ခံရယူပြီး ခြင်ထောင်ဆေးစိမ်နည်းကို လက်တွေ့သရုပ်ပြသသည်။ ထို့နောက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်တင့်တင့်ကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးနှင့် သားဖွားခန်းသို့ သွားရောက်၍ ကိုယ်ဝန်ဆောင်မိခင်များနှင့်တွေ့ဆုံပြီး ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးပညာဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဦးက ကိုယ်ဝန်စောင့်ရှောက်မှု လုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောကာ ၎င်းနောက် မူကြိုကျောင်းသို့ သွားရောက်ပြီး ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ရမည်းသင်းမြို့သို့ ရောက်ရှိပြီး ရမည်းသင်းမြို့ သီလဝခန်းမ၌ကျင်းပသော ရာသီအလိုက်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး အသိပညာပေး ဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

လက်ခံရယူ

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါ်အေးအေးက ငွေကျပ်ငါးသိန်းနှင့် ယင်လုံအိမ်သာဆောက်လုပ်ရန် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက ဆေးနှင့်ဆေးပစ္စည်းများကို လည်းကောင်း၊ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်မွန်မွန်က ခြင်ထောင်ဆေးစိမ်ဆေးပြားများကို ပေးအပ်၍ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက လက်ခံရယူသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါ်အေးအေးက ငွေကျပ်ငါးသိန်းနှင့် ထောက်ပံ့ပစ္စည်းများကို မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ရထား)

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်ဝန်၏ ဇနီး၊ ဒုတိယတိုင်းမှူး၏ ဇနီးနှင့် ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် ပြည်သူလူထုအင်အား ၅၀၀ ကျော် တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဟောပြော

ယင်းနောက် ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်တင်တင်အေးက ဝမ်းလျှော ဝမ်းပျက်ရောဂါအကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ခင်မွန်မွန်က ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် တက်ရောက်လာကြသူများမှ ပြန်လည်မေးမြန်းသည်များကို ရှင်းလင်းပြောကြားပြီး ခြင်ထောင်ဆေးစိမ်နည်းများကို လက်တွေ့ သရုပ်ပြသသည်။

ယင်းနောက် တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက ရမည်းသင်းမြို့နယ်တွင် ဆေးစိမ်ခြင်ထောင်နှင့် ဆေးစိမ်ဆေးပြားများပေးအပ်ရာ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းက လက်ခံရယူပြီး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဇနီး ဒေါ်သန်းသန်းနုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အားပေး

အခမ်းအနားအပြီးတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များသည် တိုင်းမှူး၏ ဇနီးနှင့်အတူ ရမည်းသင်းမြို့ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးနှင့် သားဖွားခန်း၊ မူလတန်းကြိုကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် မူကြိုကလေးများအား အားပေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖြည့်စွက်ဖတ်ရှုပါရန်

ရန်ကုန် ဇွန် ၁၃

၂၀၀၆ ခုနှစ် ဇွန် ၁၃ ရက်ထုတ် သတင်းစာများ၌ ဖော်ပြပါရှိသော မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်စာပေညီလာခံ ဂုဏ်ပြု ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနား သတင်းတွင် ဂုဏ်ပြုလှူဒါန်းငွေရရှိမှု စုစုပေါင်းမှာ ငွေသားကျပ် ၇၈၁၃၀၀၀ ဖြစ်ကြောင်း ဖြည့်စွက်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

ဝေလငါးဖမ်းလိုသည့်နိုင်ငံများ အိုင်ဒဗလျူစီနှစ်ပတ်လည်အစည်းအဝေးတွင်ပါဝင်လာနိုင်

လန်ဒန် ဇွန် ၁၃

နိုင်ငံတကာ ဝေလငါးဖမ်းမှု ထိန်းသိမ်းရေးအဖွဲ့(အိုင်ဒဗလျူစီ) နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၁၆ရက်တွင် ဗြိတိန်နိုင်ငံ စိန့်ကစ်၌ကျင်းပသည့်အစည်းအဝေးတွင် ဝေလငါးဖမ်းဆီးမှု(အောက်ပုံ)**ကို လိုလားသည့်နိုင်ငံများက အများစုဖြစ် မည့်လက္ခဏာရှိကြောင်း သိရသည်။**

စိုးရိမ်ပူပန်

ဝေလငါးဖမ်းလိုသည့် နိုင်ငံများဘက်တွင်မဲပေးမည့် သုံးလေးနိုင်ငံသည် အိုင်ဒဗလျူစီသို့ မကြာမီရက်သတ္တပတ် အနည်းငယ်ကမှ ဝင်ရောက်လာကြခြင်းဖြစ်သည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ များစွာစိုးရိမ်ပူပန်မိကြောင်း ဗြိတိန် အဏ္ဏဝါရေးရာဝန်ကြီး ဘင်ဘရက်ရှောက ပြောကြားလိုက်သည်။ ဝေလငါးဖမ်းလိုသည့် နိုင်ငံများသည် စီးပွားဖြစ် ဝေလငါးဖမ်းခြင်းကို ပြန်မလုပ်ဆောင်သည့်တိုင် ဝေလငါးထိန်းသိမ်းရေးနှင့် ကောင်းကျိုးချမ်းသာရေး အစီအစဉ်တို့ကို ဖျက်ပစ်နိုင်သည်ဆို၏။

အိုင်ဒဗလျူစီသည် ၁၉၇၀ပြည့် လွန်နှစ်များနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဝေလငါးဖမ်းသူများ၏ အထိန်း အချုပ်အောက်သို့ ရောက်ရတော့မည်ဖြစ်ကြောင်း နိုင်ငံတကာတိရစ္ဆာန်များ ကောင်းကျိုးပြုရေးရန်ပုံငွေအဖွဲ့ (အိုင်အက်ဖ် အေဒဗလျူ)မှ အဏ္ဏဝါဇီဝဗေဒပညာရှင် ဗက်ဆီလီပါပါစတာဂိုးက ဝေဖန်လိုက်သည်။ **(အင်တာနက်)**



အတ္တလန်တိတ်တွင်ဖြစ်ပေါ်နေသောဟာရီကိန်း မက္ကဆီကို ပင်လယ်ကွေ့မှ ဖလော်ရီဒါသို့ ဦးတည်နေ

မီယာမီ ဇွန် ၁၃

၂၀၀၆ အတ္တလန်တိတ် ဟာရီကိန်းရာသီဥတု၏ ပထမဆုံးသောမုန်တိုင်း အယ်လ်ဘာတိုသည် ကျူးဘားနိုင်ငံ၌ ဇွန်၁၁ရက်က စတင်ဖြစ်ပေါ်ခဲ့ပြီး ရေလွှမ်းမိုးခဲ့ကာ(အပေါ်ပုံ) **အမေရိကန်နိုင်ငံ ဖလော်ရီဒါကျွန်းဆွယ်သို့ ဦးတည် တိုက်ခတ်လျက်ရှိကြောင်း အမေရိကန်ဟာရီကိန်းဌာနက ပြောကြားသည်။**

ဗဟိုပြု

အဆိုပါမုန်တိုင်းသည် မက္ကဆီကိုပင်လယ်ကွေ့ မြောက်လတ္တီတွဒ် ၂၅ဒသမ ၅နှင့် အနောက်လောင်ဂျီတွဒ် ၈၇ဒသမ ၇အကြား ဗဟိုပြုလျက်ဖြစ်ပေါ်လျက်ရှိသည်။ ယင်းသည် ယမန်နေ့ညပိုင်း ၁၁နာရီက ဖလော်ရီဒါ အနောက်ဘက်ကမ်းခြေ ဆီဒါကီးမှ အနောက်တောင်ဘက် ၃၈၅မိုင်အကွာတွင် ရှိနေသည်။ ယင်းမုန်တိုင်းသည် တစ်နာရီလျှင် ၄၅မိုင်နှုန်းဖြင့် ဖလော်ရီဒါသို့ ဦးတည်တိုက်ခတ်လျက်ရှိသည်။ ၎င်းမုန်တိုင်းကြောင့် ဖလော်ရီဒါကျွန်းဆွယ်တွင် လာမည့်ရက်တွင် မိုးရွာသွန်းမှု ၅လက်မမှ ၁၀လက်မအထိရှိလာနိုင်ကြောင်း၊ ယင်းမုန်တိုင်းကြောင့် ကျူးဘားအနောက်ပိုင်း၌ ၂၄နာရီအတွင်း မိုးရွာသွန်းမှုမှာ မိုးရေချိန်လက်မ ၁၆လက်မမှ လက်မ၂၀ အထိရှိခဲ့ရာ ပင်နာဒယ်ဒီယိုပြည်နယ် မြောက်ပိုင်းဒေသများမှ ပြည်သူ ၂၆၀၀၀ ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘင်္ဂလားဒေ့ရှ်၌ ကုန်တင်သင်္ဘောနစ်မြုပ်

ဒါကာ ဇွန် ၁၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အရှေ့တောင်ဘက် ၂၂၄ကီလိုမီတာအကွာရှိ ဆွန်ဒစ်တူးမြောင်းအတွင်း ဓာတ်မြေဩဇာများ တင်ဆောင်လာသော သင်္ဘောတစ်စင်း ဇွန် ၁၀ရက်၌ နစ်မြုပ်ခဲ့ကြောင်း ဘီဘီအက်စ်သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

ကယ်ဆယ်နိုင်

သင်္ဘောနစ်မြုပ်ရာသို့ ဘင်္ဂလားဒေ့ရှ် ရေတပ်သင်္ဘောတစ်စင်းက အလျင်အမြန်သွားရောက်ပြီး ကယ်ဆယ်ရေး လုပ်ငန်းများပြုလုပ်ခဲ့ရာ သင်္ဘောဝန်ထမ်း ၁၆ဦးစလုံးအား အချိန်မီကယ်ဆယ်နိုင်ခဲ့ကြောင်း ချီကာဂွန်ဆိပ်ကမ်း အာဏာပိုင်များက ပြောကြားသည်။ ရေအောက်နစ်မြုပ်ခဲ့သည့် သင်္ဘောမှာ အမ်ဗွီ-ဆူမီ-၃ အမည်ရှိ ကုန်တင် သင်္ဘောဖြစ်ပြီး ဓာတ်မြေဩဇာ မက်ထရစ်တန်၇၀၀ကို တင်ဆောင်လာခဲ့ခြင်းဖြစ်ရာ ကုန်တန်ချိန်ပိုမိုတင်ဆောင်လာခဲ့၍ဖြစ်ကြောင်း၊ နစ်မြုပ်ချိန်မှာ ဇွန် ၁၀ရက်နံနက် ၇ နာရီခန့်ကဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂွမ်တာနာမို အကျဉ်းစခန်း ပိတ်ပစ်ရန် အမေရိကန်ကို တောင်းဆို

ဝါရှင်တန် ဇွန် ၁၃

ဂွမ်တာနာမိုအကျဉ်းစခန်း၌ အာရပ်အကျဉ်းသားသုံးဦး ကိုယ့်ကိုယ် ကို သတ်သေသွားခြင်းကြောင့် ထို အကျဉ်းစခန်းကို အမေရိကန်တို့ ပိတ်ပစ်ရန် ဇွန် ၁၁ရက်က ထပ်မံတောင်းဆိုကြသည်။

ကြိုးဆွဲချ

ဆော်ဒီအာရေဗျအကျဉ်းသားနှစ်ဦးနှင့် ယီမင်အကျဉ်းသားတစ်ဦးတို့သည် ဂွမ်တာနာမို အကျဉ်းစခန်း၌ စနေနေ့က အဝတ်များ၊ အိပ်ယာခင်းများဖြင့် ကြိုးဆွဲချသတ်သေသွားကြသည်။ ယင်းမှာ အယ်လ်ခိုင်ဒါနှင့် တာလီဘန်အကြမ်းဖက်သမားများဟု သင်္ကာမကင်းသူများကို ၂၀၀၂ခုနှစ်က ဖမ်းဆီးပြီး ဂွမ်တာနာမိုအကျဉ်းစခန်းသို့ ပေးပို့ချုပ်နှောင်ထားပြီးနောက် ပထမဆုံးအကြိမ် အကျဉ်းသားများ ကိုယ့်ကိုယ်ကို သတ်သေခြင်းဖြစ်သည်။

တိုက်တွန်း

ထိုသို့ သတ်သေခြင်းအတွက် အကျဉ်းသားများ၏ရှေ့နေများက သမ္မတဘုရှ်အစိုးရကို အပြစ်တင်လိုက်သည်။ အလားတူပင် လူ့အခွင့်အရေးဆိုင်ရာ အုပ်စု၊ အဖွဲ့အစည်းများနှင့်တကွ ဗြိတိန်၊ ဂျာမနီ၊ ဒိန်းမတ်နိုင်ငံတို့ကလည်း မကျေမလည်ဖြစ်ကာ အမေရိကန်အစိုးရအနေဖြင့် ဂွမ်တာနာမိုအကျဉ်းစခန်းကို ပိတ်ပစ်ရန် တိုက်တွန်းလိုက်ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

ကမ္ဘာ့ဖလားသဲပန်းပု

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပသည့် နိုင်ငံတကာသဲပန်းပုပွဲတော်တွင် အိန္ဒိယ သဲပန်းပုအနုပညာရှင်တစ်ဦး၏ ကမ္ဘာ့ဖလားသဲပန်းပုပုံကို ဇွန်၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဂျာမနီတပ်ဖွဲ့များ အီရတ်သို့စေလွှတ်ရန် အစီအစဉ်မရှိ

ဘာလင် ဇွန် ၁၃

ဂျာမနီနိုင်ငံသည် အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ သို့မဟုတ် စစ်ဘက်ဆိုင်ရာ သင်တန်းသားများအား စေလွှတ်ရန်အစီအစဉ်မရှိကြောင်း အစိုးရဒုတိယပြောရေးဆိုခွင့်ရှိသူ သောမတ်စ်စတက်က ဇွန် ၈ရက်တွင် ပြောကြားသည်။

၂၀၀၅ခုနှစ်ကုန်တွင် ရမ်းစဘဲလ်သည် ဘဂ္ဂဒက်သို့ အီရတ်စစ်ဘက်ဆိုင်ရာ သင်တန်းသားများအား စေလွှတ်ရေးအတွက် ဂျာမနီကာကွယ်ရေးဝန်ကြီးဖရန့်ဂျိုးဆက်ဖ်ကို တစ်ကြိမ်ထပ်မံတိုက်တွန်းခဲ့ကြောင်းလည်း ဘာလင်နာဇီယီတန်သတင်းစာက ဖော်ပြသည်။

တုံ့ပြန်ပြောကြား

အီရတ်နိုင်ငံသို့ စေလွှတ်ထားသော ဂျာမနီတပ်ဖွဲ့ဝင်များ၊ စစ်ဘက်ဆိုင်ရာ သင်တန်းသားများ သို့မဟုတ် ကျွမ်းကျင်သူများရှိမည်မဟုတ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစဘဲလ်က အီရတ်၌ အမှုထမ်းရန် ဂျာမနီတပ်ဖွဲ့ဝင်များအား တိုက်တွန်း ပြောကြားခဲ့ပြီးနောက် မစ္စတာစတက်က တုံ့ပြန်ပြောကြားလိုက်သည်။

တည်ဆောက်ရေး

ဂျာမနီနိုင်ငံသည် အီရတ်တွင် လူသားချင်းစာနာထောက်ထားသည့် အနေဖြင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက်သာ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ပြီး အီရတ်နိုင်ငံပြင်ပ၌ အီရတ်ရဲတပ်ဖွဲ့ဝင်နှင့် စစ်ဘက်ကို သင်တန်းပေးရန်သာကူညီသွားမည်ဖြစ်ကြောင်း မစ္စတာစတက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မိုးသီးများ ထိမှန်မှုကြောင့် တောင်ကိုရီးယားလေယာဉ်ဦးပိုင်းပျက်စီး

ဆိုးလ် ဇွန် ၁၃

ခရီးသည် ၂၀၀တင်ဆောင်လာသော ဂျက်လေယာဉ်တစ်စင်းသည် လေယာဉ်ဦးပိုင်းပေါ်သို့ မိုးသီးများ ကြွေကျခဲ့ပြီးနောက် လေယာဉ်၏ရေဒါနှင့် လေယာဉ်မှူးအခန်းရှိ ပြတင်းပေါက်မှန်များပျက်စီးခဲ့ကြောင်း လေကြောင်းတာဝန်ရှိသူများက ဇွန် ၁၀ရက်တွင် ပြောကြားသည်။

သို့သော် ယင်းလေယာဉ်သည် ကွင်းသို့ဘေးကင်းစွာဆင်းသက်နိုင်ခဲ့သည်။ တောင်ပိုင်း အပန်းဖြေချီဂျူးကျွန်းမှ ဆိုးလ်မြို့သို့ပျံသန်းလာစဉ် သောကြာနေ့ညပိုင်းက မိုးသီးများကြွေကျ၍ ၎င်းလေယာဉ်အား ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက တယ်လီဖုန်းမှတစ်ဆင့် ပြောကြားသည်။

မိုးသီးများသည် လေယာဉ်ဦးပိုင်းအား ထိမှန်ခဲ့ခြင်းကြောင့် လေယာဉ်မှူးအခန်း ပြတင်းပေါက်မှန်များ ကွဲကျေခဲ့ရပြီး ရေဒါစနစ်များပျက်စီးခဲ့ကာ အင်ဂျင်အဖုံးများလည်း ပေါက်ပြဲကုန်သည်။

ခရီးသည်များ ဒဏ်ရာရရှိမှုမရှိကြောင်း အစီရင်ခံတင်ပြခဲ့သည်။ ယင်းလေယာဉ်အားဘေးကင်းစွာဖြင့်မြေပြင်သို့ ဆင်းသက်နိုင်ခြင်းအတွက် လေယာဉ်မှူးနှင့် တွဲဖက်လေယာဉ်မှူးသည် ဂုဏ်ပြုဆုချီးမြှင့်ခံရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရန် တရုတ်သမ္မတ ဂျပန်သို့ သွားရောက်မည်

တိုကျို ဇွန် ၁၃

တရုတ်-ဂျပန်နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် တရုတ်သမ္မတဟူကျင်တောင် ဂျပန်သို့ လာရောက်လည်ပတ်ခြင်းကို ဂျပန်အစိုးရက ကြိုဆိုမည်ဖြစ်ကြောင်း ဂျပန်အစိုးရအတွင်းဝန်ချုပ်ရှင်ဇိုအာဘေးက တနင်္လာနေ့တွင် ပြောကြားသည်။

တရုတ်သမ္မတဟူကျင်တောင်။

သမ္မတဟူကျင်တောင်၏ ဂျပန်ခရီးမှာ ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်အတွင်း ဖြစ်နိုင်ဖွယ်ရှိသည်။

ပြောဆို

သင့်တော်သည့် တစ်ချိန်ချိန်တွင် သူ့အနေဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်ရန် မျှော်မှန်းထားကြောင်း ဂျပန်သံတမန်တစ်ဦးအား တရုတ်သမ္မတဟူကျင်တောင်က ပေကျင်း၌ စနေနေ့က ပြောဆိုလိုက်သည်ဟု ဆို၏။

ကြိုဆို

ဂျပန်နိုင်ငံက အမြဲတမ်းတံခါး ဖွင့်ပေးထားပြီး တရုတ်သမ္မတဟူကျင်တောင်အား မိမိတို့ကြိုဆိုမည်ဖြစ်ကြောင်း အာဘေးက သတင်းထောက်များအား ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်ကိုအိဇုမိ စက်တင်ဘာလအတွင်း ရာထူးသက်တမ်းမကုန်ဆုံးမီ နှစ်နိုင်ငံထိပ်သီးအစည်းအဝေး ဖြစ်နိုင်၊ မဖြစ်နိုင် သတင်းထောက်များက မေးမြန်းရာတွင် တရုတ်-ဂျပန်ဆက်ဆံရေး၏ အရေးပါမှုအရ နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပြုလုပ်ခြင်းမှာ သဘာဝကျကြောင်း ၎င်းကပြောကြားလိုက်သည်။ **အမ်အင်အေ၊ရိုက်တာ**

ဖိလစ်ပိုင်ရှိ ဘူလူဆန်မီးတောင် တစ်ကီလိုမီတာအထိ ပြာများမှုတ်ထုတ်

မနီလာ ဇွန် ၁၃

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းဆော်ဆိုဂွန်ပြည်နယ်ရှိ ဘူလူဆန်မီးတောင်(အပေါ်ပုံ)**သည် ဇွန် ၁၀ရက် အရုဏ်မတက်မီက ကောင်းကင်သို့ပြာများ တစ်ကီလိုမီတာအထိ မှုတ်ထုတ်ခဲ့ကြောင်း ဖိလစ်ပိုင်မြေငလျင်နှင့် မီးတောင်ပညာဆိုင်ရာ သိပ္ပံဌာန(ဖီဗော့လ်စ်)က ပြောကြားသည်။**

ပြာများမှုတ်ထုတ်ပြီး ပေါက်ကွဲမှုသည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၁၈မိနစ် ဝန်းကျင်(ဂရင်းနစ်စံတော်ချိန် ၆နာရီ ၁၈မိနစ်)ကဖြစ်ပြီး ၁၅၆၅မီတာမြင့်သည့်အဆိုပါမီးတောင်တွင် ချော်ရည်ထွက်မည့် လက္ခဏာမရှိကြောင်း ဖီဗော့လ်စ် စောင့်ကြည့်လေ့လာရေး သိပ္ပံပညာရှင် အကြီးအကဲ အာနက်စ်တိုကော်ပတ်က ဒေသခံအေဘီအက်စ်-စီဘီအင်ရုပ်မြင်သံကြားသတင်းကွန်ရက်သို့ ပြောကြားသည်။

ပေါက်ကွဲ

မီးတောင်မှယင်းနေ့ကပြာများ မှုတ်ထုတ်မှုသည် အဆိုပါဒေသ၌ ငလျင်လှုပ်ခဲ့ပြီးနောက် မတ်၁၇ရက်ကတည်းက ခြောက်ကြိမ်တိုင် ပြာများမှုတ်ထုတ်ခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးပေါက်ကွဲမှုမှာ မေ ၃၁ရက်က ဖြစ်သည်။

သတိပေး

ဖိလစ်ပိုင်အစိုးရသည် မေ ၇ရက်တွင် မီးတောင်မှပြာများ တောင်ထိပ်ပေါ်မှကျလာပြီးကတည်းက တောင်ဆင်ခြေလျှောရှိ ကာစီဂူရန်မြို့အား သတိပေးကြေညာထားခဲ့ပြီးဖြစ်သည်။ အလားတူပင် အာဏာပိုင်များကလည်း မီးတောင်ပြာများ ကျရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် ဒေသခံများအား မျက်နှာဖုံးများကို ဖြန့်ဝေပေးထားခဲ့သည်။

ပါဝင်

ဘူလူဆန်မီးတောင်သည်မီးတောင်ငယ်များနှင့် လှုပ်ရှားတတ်သော မီးတောင်များရှိသည့် အလယ်ပိုင်း ဘီကိုးလ်ဒေသရှိမီးတောင်များဝိုင်းပတ်နေသည့် အစိတ်အပိုင်းများထဲတွင် ပါဝင်တည်ရှိနေသော မီးတောင်တစ်တောင်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့လယ် ဗုံးပေါက်ကွဲမှုဖြစ်၊ လူခြောက်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၃

ဘဂ္ဂဒက်မြို့လယ်တွင် ဇွန်၁၁ရက် တနင်္ဂနွေနေ့က ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ လူခြောက်ဦးသေဆုံးပြီး ၅၉ ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

ယင်းပေါက်ကွဲမှုသည် ဘဂ္ဂဒက်မြို့ ကာရာဒါဒေသကုန်သွယ်မှုပြုလုပ်ရာနေရာ၌ လူအများဈေးဝယ်ထွက်ချိန်ည ၈ နာရီ ၁၅ မိနစ်ဝန်းကျင်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲမှုကြောင့် အချို့ဆိုင်များနှင့် ယာဉ်များလည်း ပျက်စီးသွားခဲ့ကြောင်း သတင်းတွင် ထည့်သွင်းဖော်ပြခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံးဘာဂါမုန့်

ကမ္ဘာ့အကြီးမားဆုံး ဘာဂါမုန့်ကြီးတစ်ခုကို တွေ့ရစဉ်။(ယာပုံ)

အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ် ပီရာရီမြို့တွင် ဒိန်ခဲ၊ ခရမ်းချဉ်သီး၊ ကြက်သွန်နီ၊ ငရုတ်ကောင်း စသည်တို့ အပါအဝင် ဝက်အူချောင်း ၃၅ ပေါင်ပါရှိပြီး ဂျုံများဖြင့် ပြုလုပ်ထားသော ဘာဂါမုန့်ကြီးမှာ အလေးချိန် ၄၃ဒသမ ၄ ပေါင်ရှိရာ ကမ္ဘာ့အကြီးမားဆုံးဘာဂါမုန့်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာ့အကြီးဆုံး စက္ကူကြိုးကြာရုပ်

ကမ္ဘာ့အကြီးမားဆုံးကြိုးကြာစက္ကူရုပ်ကြီးတစ်ခုကို တွေ့ရစဉ်။(ဝဲပုံ)

အိန္ဒိယနိုင်ငံ စီတယ်မြို့တွင် နိုင်ငံတကာမှ ကလေးငယ်တစ်သောင်းကျော်က ငြိမ်းချမ်းရေးအထိမ်းအမှတ်အဖြစ် အလွန်ကြီးမားသော စက္ကူငှက်ရုပ်ကြီးတစ်ခုကို စုပေါင်းပြုလုပ်ခဲ့ကြရာ ၎င်းစက္ကူကြိုးကြာငှက်ရုပ်ကြီးသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးစက္ကူကြိုးကြာငှက်ရုပ်ကြီး တစ်ခုဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

မျိုးဗီဇနှင့်ပန်းနာရောဂါဆက်နွယ်လျက်ရှိ ကမ္ဘာတစ်ဝန်း၌ လူသန်း၁၅၀ ရောဂါခံစားနေရ

ဟယ်လ်ဆင်ကီ ဇွန် ၁၃

ပန်းနာရောဂါနှင့် ဆက်နွယ်လျက်ရှိသော တိကျသည့်မျိုးဗီဇကို ဒိန်းမတ်သိပ္ပံပညာရှင် အဖွဲ့တစ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း ကိုပင်ဟေဂင်ပိုစ့်က ဇွန် ၉ ရက်တွင် ဖော်ပြသည်။

တွေ့ရှိခဲ့

အဆိုပါ မျိုးရိုးဗီဇသည် ပန်းနာရောဂါဖြစ်ပွားရန်အတွက် အဓိကဖြစ်သည်ကို ဒိန်းမတ်နိုင်ငံတောင်ပိုင်း တက္ကသိုလ်နှင့် အိုဒင်စီတက္ကသိုလ် ဆေးရုံတို့မှ ဒိန်းမတ်သုတေသနအဖွဲ့တို့က တွေ့ရှိခဲ့ခြင်းဖြစ်သည်။

တိတိကျကျ

ယခုကဲ့သို့ တွေ့ရှိခဲ့ခြင်းသည် ပန်းနာရောဂါဝေဒနာရှင်များကို ကုသရာတွင် တိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး မျိုးဗီဇရှိသည့် လူများအတွက် ချို့ယွင်းမှုတွေ့ရှိချက်ကို တိတိကျကျ ပိုမိုရရှိရန်နှင့် စောစီးစွာအသေအချာ ကုသနိုင်ရန် လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။

မျိုးရိုးဗီဇ

မျိုးဗီဇအချို့သည် ပန်းနာရောဂါနှင့် ဆက်နွယ်လျက်ရှိသော်လည်း ဒိန်းမတ်သိပ္ပံပညာရှင်များ တွေ့ရှိသည့် မျိုးဗီဇကမူ ပန်းနာရောဂါဖြစ်ပွားမှုနှင့် တိုက်ရိုက်ဆက်နွယ်သည်ဟုထင်ရသည့် သီးခြားမျိုးရိုးဗီဇတစ်ခု ဖြစ်သည်။

ထပ်မံတိုးပွား

ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)၏ အဆိုရ ကမ္ဘာတစ်ဝန်းလုံးတွင် လူသန်း ၁၅၀ကျော်သည် ပန်းနာရောဂါဖြစ်ပွားလျက်ရှိပြီး အဆိုပါအရေအတွက်မှာလည်း ထပ်မံတိုးပွားလျက်ရှိသည်ဟု ဆိုသည်။

မျှော်လင့်

ယခုဖော်ထုတ်တွေ့ရှိသည့် မျိုးဗီဇသည် ကြီးမားသည့် အကျိုးကျေးဇူးရှိမည့် ပန်းနာရင်ကျပ်ဆေးဝါးသစ်များ ထုတ်လုပ်မှုတွင် အထောက်အကူဖြစ်လာမည်ဟု မျှော်လင့်ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဇွန် ၁၃ ရက်က ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၀၈)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့်ဇနီးအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mme. Phoebe A. Gomez က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းအား ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇွန် ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ရန်ကုန်မြို့သို့ ရောက်ရှိနေသော ဂျပန်လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအမှုဆောင်ကောင်စီဥက္ကဋ္ဌ အောက်လွှတ်တော်အမတ် မစ္စတာဖူမီယိုကျူးမားနှင့်အဖွဲ့သည် ယမန်နေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။ မစ္စတာဖူမီယို ကျူးမားသည် တိုကျိုမြို့ရှိ ဂျပန်-မြန်မာအပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးအသင်း၏ အကြီးတန်းအကြံပေးလည်းဖြစ်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာနိုဘူတာကေးအိုဒါနီနှင့် သံရုံးမှတာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် စီမံကိန်းတာဝန်ပေး

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင်၏ ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို ယနေ့နံနက်က ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်စီမံကိန်းတာဝန်ခံများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းရည်မှန်းချက်များပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး မှာကြားပြီး ခရိုင်စီမံကိန်းဦးစီးအရာရှိ ဒေါ်ခင်ခင်ရွှေက မြို့နယ်အလိုက်စီမံကိန်း လျာထားချက်များ ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်က မြို့နယ် အလိုက် စီမံကိန်းတာဝန်များအား မြို့နယ်ဥက္ကဋ္ဌများသို့ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (က-ပ)

ရှာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဆေးဝါးရောင်းချရာ၌ ဆောင်ရွက်ရမည့်ကိစ္စများ အလုပ်ရုံဆွေးနွေးပွဲဆင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက စီစဉ်ဆောင်ရွက်သော ဆေးဝါးရောင်းချရာတွင်လိုက်နာဆောင်ရွက်ရမည့် ကိစ္စများနှင့် သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲအပတ်စဉ်(၇)ဆင်းပွဲ အခမ်းအနားကိုယမန်နေ့ နံနက် ၈နာရီတွင် ပုဇွန်တောင်မြို့နယ်ရှိ မြန်မာနိုင်ငံစာရင်းကိုင်များ အသင်းရုံး၌ကျင်းပရာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးက အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းမှူး ဒေါက်တာ မီမီကိုက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ချီးမြှင့်

ထို့နောက် သင်တန်းဆင်း လက်မှတ်များကို အသင်းတာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားသင်တန်းသူများကိုယ်စား သင်တန်းသား ဦးဇော်မိုးဝင်းက ကျေးဇူးတင်စကားပြောကြားကာ သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်လှစ်နိုင်

သင်တန်းအပတ်စဉ်(၈)ကို ဇွန် နောက်ဆုံးအပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ (သတင်းစဉ်)

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်

ရန်ကုန် ဇွန် ၁၃

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဗဟုဇနဟိတရောဘ္ဗသောဘဏ(ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇွန် ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈သို့ဖြစ်စေ ဇွန် ၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။

(က-ပ)

ကမ္ဘာ့သွေးလှူရှင်များနေ့ဂုဏ်ပြုကြိုဆို သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၃

၂၀၀၆ ခုနှစ် ဇွန် ၁၄ ရက်တွင် ကျရောက်မည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်မေအုန်း ဦးဆောင်သော ကျောင်းသူ ကျောင်းသားများ သွေးလာရောက်လှူဒါန်းပွဲကို ယနေ့ မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားသွေးဌာန တာဝန်ခံ ရောဂါဗေဒဆိုင်ရာဆရာဝန် ဒေါက်တာ သီတာအောင်က သွေးလှူဒါန်းမှုလုပ်ငန်းတွင် နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသည့် သွေးများ ရရှိရေးအတွက် ဆောင်ရွက်မှုတို့ ရှင်းလင်းပြောကြားပြီး သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်မေအုန်းက ကျောင်းသူ ကျောင်းသားများအား ဂုဏ်ပြုစကား ပြောကြားသည်။

အမျိုးသား သွေးဌာနသို့ လာရောက် လှူဒါန်းသူ ကျောင်းသူကျောင်းသားပေါင်း ၈၇ ဦးရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပ မြို့နယ်ရဲတပ်ဖွဲ့၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၁၂ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင်ပြုလုပ်ရာ ကျောင်းသားကျောင်းသူ ၁၁၂ ဦးတို့အတွက် စုစုပေါင်းငွေကျပ်၂၂၅၀၀ ကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စိုးလွင်က စခန်းမှူးရဲအုပ်ကျော်တင့်သို့ ပေးအပ်စဉ်။ (က-ပ)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

လျှိုမြောင်းသုံးသွယ်ရေကာတာမှ ယာယီရေထိန်းဆည် တရုတ်အင်ဂျင်နီယာများ အပြီးတိုင်ဖောက်ခွဲဖြိုချ

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လျှိုမြောင်းသုံးသွယ်ရေကာတာကြီး နောက်မှ ယာယီအတားအဆီးဆည်ကြီးကို အံ့မခန်းဖွယ်ရာ ဖောက်ခွဲမှုဖြင့် တရုတ်အင်ဂျင်နီယာများက ဖြိုချပစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အတားအဆီး

ယန်စီမြစ်လျှိုမြောင်းသုံးသွယ် ရေကာတာကြီးတည်ဆောက်စဉ် မြစ်ရေကို ထိန်းထားရန်အတွက် ကုဗမီတာ၁၉၀၀၀၀ရှိသည့် ကွန်ကရစ်အတားအဆီးဆည်ကြီး တည်ဆောက်ခဲ့သည်။

ကွန်ကရစ်သွန်းလောင်း

လျှိုမြောင်းသုံးသွယ်ရေကာတာ၏ အမြင့်၁၈၅မီတာနှင့် အရှည်မီတာ ၂၃၁၀ အဓိကနံရံကြီးတည်ဆောက်မှု အချောကိုင်ရန် တည်ဆောက်ရေးလုပ်သားများက မေ၂၀ရက်က နောက်ဆုံးကွန်ကရစ်သားများ သွန်းလောင်းခဲ့သည်။

အပြီးတိုင်ဖောက်ခွဲ

ထို့ကြောင့် ယာယီရေထိန်းဆည်ကြီးကို အင်ဂျင်နီယာများက ရေအောက်ဖောက်ခွဲရေးပစ္စည်း ၁၉၁တန်ဖြင့် ၁၂မိနစ်အတွင်း အပြီးတိုင် ဖောက်ခွဲဖြိုချလိုက်ခြင်းဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။ **(ကိုးကား-အင်တာနက်)**

ကော်ဖီသောက်ခြင်းဖြင့် အသည်းရောဂါကာကွယ်နိုင်

ကော်ဖီသောက်သုံးခြင်းသည် အရက်သောက်ခြင်းနှင့်ဆိုင်သည့် အသည်းရောဂါများဖြစ်ခြင်းမှ လျော့ချပေးနိုင်ကြောင်း အမေရိကန် ဆေးပညာအဖွဲ့တစ်ဖွဲ့က လေ့လာတင်ပြထားသည်။

တွေ့ရှိ

လွန်ခဲ့သောအနှစ်၂၀ကျော်က အမေရိကန်၌ အမျိုးသား အမျိုးသမီး ၁၂၅၅၈၀ အား လေ့လာခဲ့ရာ နေ့စဉ်ကော်ဖီတစ်ခွက်စီသောက်ခြင်းဖြင့် အသည်းရောဂါဖြစ်ခြင်းမှ ၂၂ ရာခိုင်နှုန်းလျော့ချပေးနိုင်ကြောင်း အဆိုပါ ဆေးပညာရှင်အဖွဲ့က တွေ့ရှိထားသည်။

အရက်သောက်သူများ ကော်ဖီကို မကြာခဏသောက်ခြင်းဖြင့် အသည်းပျက်စီးခြင်းမှ ရှောင်ရှားနိုင်လိမ့်မည်ဖြစ်ကြောင်း အဆိုပါပညာရှင်အဖွဲ့က ပြောဆိုသည်။

လေ့လာခဲ့

ကယ်လီဖိုးနီးယားမှ အဆိုပါသုတေသနပညာရှင်များသည် ၁၉၇၈ ခုနှစ်နှင့် ၁၉၈၅ခုနှစ်အတွင်း အထက်ပါလူနာများ၏ ကျန်းမာရေးမှတ်တမ်းများကို စာရင်းပြုစုလေ့လာခဲ့ကြသည်ဟုဆိုသည်။

လျော့ချပေးနိုင်

တစ်နေ့ ကော်ဖီတစ်ခွက်သောက်လျှင် အသည်းရောဂါဖြစ်ပွားခြင်းမှ ၃၀ရာခိုင်နှုန်း လျော့ချနိုင်ပြီး တစ်နေ့ကော်ဖီသုံးခွက်သောက်လျှင် ၄၀ရာခိုင်နှုန်း၊ လေးခွက်သောက်လျှင် ၈၀ရာခိုင်နှုန်းလျော့ချပေးနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုသည်။

(ကိုးကား-အင်တာနက်)

ကုန်စည်စီးဆင်းမှုပိုမိုလျင်မြန်ချောမွေ့စေမည့် ကုန်တင်ရေယာဉ်(အမြန်) လမ်းတိုးချဲ့ပြေးဆွဲ

ရန်ကုန် ဇွန် ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ ကုန်တင်ရေယာဉ်(အမြန်) လမ်းတိုးချဲ့ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်း မော်တင်ဆိပ်ကမ်း၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ မြစ်ဝကျွန်းပေါ်သို့ စတင်ထွက်ခွာသည့်"ဝိရူရ" ကုန်တင်(အမြန်) ရေယာဉ်ဖြင့် လိုက်ပါစီးနင်းသွားကြသည့် ခရီးသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်း၊ ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်တွင်ကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းရေးတို့ကို အဓိက အထောက်အကူပြုနိုင်မည့် ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ်ကို စတင် ပြေးဆွဲရခြင်းဖြစ်ကြောင်း။

အရေးပါ

မှတ်တမ်းများအရ ရေယာဉ်များဖြင့် တစ်လလျှင် ရေထွက်ပစ္စည်းများဖြစ်သည့် ငါး၊ ငါးပိ၊ ငါးခြောက်၊ ဂဏန်း ပိဿာချိန် ၁၅၃သောင်း၈၂သိန်း၊ ကြက်၊ ဘဲ ကောင်ရေ ၁၃သောင်း ၀၃ သိန်း၊ ကြက်ဥ၊ ဘဲဥ ၇၅၃သောင်း၀၉ သိန်း၊ အုန်းသီးလုံးရေ ၀၃သောင်း၀၈ သိန်း၊ ဆန်အိတ် ၁၃သောင်း၀၉ သိန်း၊ ပဲအိတ် ၀၃သောင်း၁၆ သိန်း၊ ငရုတ်အိတ် ၀၃သောင်း၀၈သိန်း၊ ကုန်စိမ်းပိဿာချိန် ၀၃သောင်း၆၃သိန်းခန့် ရန်ကုန်မြို့သို့ ဝင်ရောက်လျက်ရှိကြောင်း၊ တစ်လလျှင် ဆီပိဿာချိန် ၂၃သောင်း၇၀သိန်း၊ ကုန်ကြမ်းပိဿာချိန် ၇၃သောင်း၉၂သိန်း၊ ကုန်ခြောက်ပိဿာချိန် ၇၃သောင်း၂၁ သိန်း၊ ကုန်စိမ်းပိဿာချိန် ၇၃သောင်း ၉၃သိန်းခန့် ရန်ကုန်မြို့မှ အထွက်ရှိကြောင်း၊ ထို့ကြောင့် ရေယာဉ်များဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းသည် အရေးပါလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ရန်ကုန်မြို့နေ လူဦးရေ ခြောက်သန်းကျော်နှင့် မြန်မာပြည်အရပ်ရပ်ရှိ စားသုံးသူများလက်သို့ လူသုံးကုန်နှင့် စားသုံးကုန်ပစ္စည်းများ အချိန်နှင့် တစ်ပြေးညီရောက်ရှိပြီး ဈေးနှုန်းသက်သာစွာဖြင့် စားသုံးနိုင်ရေးအတွက် ရေယာဉ်များဖြင့် ကုန်စည်အမြန်ပို့ဆောင်နိုင်ရေးကို အထူးတာဝန်တစ်ရပ်အနေနှင့်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုခဲ့ကြောင်း။

တိုက်ရိုက်ခံစားခွင့်ရ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်အကြီးအကဲက ရှေ့ရေးကိုမြော်မြင်တွက်ဆပြီး လမ်းညွှန်ချက်များ ချမှတ်ပေးလျက်ရှိရာ ယခုဆောင်ရွက်ရမည့် ကုန်စည်များကို အမြန်ပို့ဆောင်ရေးသည်လည်း စားသုံးသူပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့် ရရှိမည်ဖြစ်၍ နိုင်ငံတော်အကြီးအကဲ၏ စေတနာကို ခံစားနားလည်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်တင်ရေယာဉ်(အမြန်) လမ်း ပြေးဆွဲမှုကို မဖြစ်မနေအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရန် အထူးတိုက်တွန်းလိုကြောင်း။

ယခုအခါ နိုင်ငံတော်၏ ဒေသအသီးသီးတွင် မြစ်ကူးတံတားကြီးများ တည်ဆောက်ပြီးစီးခြင်းနှင့်မီးရထားလမ်း၊ မော်တော်ကားလမ်းများ၊ ပိုမိုတိုးတက်ကောင်းမွန်လာသည့်အတွက် ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းတွင် အကန့်အသတ်အချို့ ကြုံတွေ့မှုကို တွေ့နိုင်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် လက်ရှိပြေးဆွဲနေသည့် ခရီးသည်-ကုန်ရေယာဉ်လမ်းများအပြင် ကုန်တင်ရေယာဉ်(အမြန်) လမ်းများ ပြေးဆွဲရန် လိုအပ်လာပြီ ဖြစ်ကြောင်း။

တစ်နည်းအားဖြင့် ယနေ့အခြေအနေတွင် ခရီးသည်-ကုန် ရေယာဉ်လမ်းအပြင် သယ်ယူပို့ဆောင်မှုပုံသဏ္ဍာန်ပြောင်းလဲခြင်းအနေနှင့် ကုန်တင်ရေယာဉ်(အမြန်)လမ်းပြေးဆွဲမှုကို သင့်လျော်သည့် ရေယာဉ်များအသုံးပြု၍ အချိန်တိုအတွင်း ကုန်ပစ္စည်းများများကို လုံခြုံစိတ်ချစွာ သယ်ယူပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေများတိုးတက်ရရှိလာအောင် စီမံဆောင်ရွက်ကြမည်ဖြစ်ကြောင်း။

အကျိုးဖြစ်ထွန်း

ယခုပြေးဆွဲမည့် ကုန်တင်ရေယာဉ်အမြန်လမ်းများမှာ "ဒဗလျူ" အမျိုးအစားရေယာဉ်များကို အသုံးပြုပြီး ရန်ကုန်-ဘိုကလေးနှင့် ရန်ကုန်-လပွတ္တာ လမ်းများဖြစ်၍ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းကို တိုက်ရိုက်ဆက်သွယ်ထားသည့်အတွက် ဧရာဝတီတိုင်း၏ အဓိကထွက်ကုန်ဖြစ်သည့် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများကို မြန်မာပြည်အရပ်ရပ်သို့လည်းကောင်း၊ အပြန်အလှန်အားဖြင့် မြန်မာပြည်အရပ်ရပ်မှ ကုန်ပစ္စည်းမျိုးစုံကိုဧရာဝတီတိုင်းသို့လည်းကောင်း၊ အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်မည်ဖြစ်၍ ကုန်တင်ခန့်နှန်းထား သက်သာသည့်အတွက် စားသုံးသူပြည်သူများကိုများစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ကုန်တင်ရေယာဉ် (အမြန်)လမ်းဖြစ်၍ တာဝန်ရှိဝန်ထမ်းများအနေဖြင့် ကုန်တင်ဆောင်သည့် ကုန်သည်များနှင့် ဆက်ဆံရေးကောင်းမွန်၍ တင်ဆောင်သည့် ကုန်ပစ္စည်းများလျော့နည်း၊ ပျောက်ဆုံး၊ ပျက်စီးမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကုန်များကို စနစ်တကျ လက်ခံတင်ဆောင်ခြင်း၊ ရေယာဉ်ကြံ့ခိုင်ရေးနှင့်ရေယာဉ်ခုတ်မောင်းသွားလာရေးဆိုင်ရာ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာပြီး အန္တရာယ်ကင်းရှင်းရေးကို အထူးအလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ကုန်တင်သူများ၏ ယုံကြည်အားထားမှုကိုတည်ဆောက်နိုင်ပြီး ရေရှည်တွင် ကုန်အမြဲတမ်းရရှိရေးနှင့် ဝင်ငွေတိုးတက်ရေးကို အာမခံနိုင်မည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့အပြင် တာဝန်ရှိဝန်ထမ်းများအနေဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် မရှိမဖြစ်လိုအပ်လာသည့် ကုန်တင်ရေယာဉ်(အမြန်)လမ်း၏ ထူးခြားသော အနှစ်သာရကို နားလည် သဘောပေါက်ပြီး လက်ရှိဆောင်ရွက်နေသည့် ကုန်စည်ပို့ဆောင်ရေးဆိုင်ရာ လုပ်နည်းစနစ်များအပြင် လိုအပ်ပါက လက်တွေ့ဘဝနှင့် ပိုမိုလိုက်လျောညီထွေဖြစ်သည့် ပိုမိုပြီးလုပ်ငန်း အဆင်ပြေချောမွေ့သည့် နည်းလမ်းသစ်များကြံဆပြီး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ယခုစတင်မည့် ကုန်တင်ရေယာဉ်(အမြန်)လမ်းများ ပြေးဆွဲမှု အောင်မြင်ရေးအတွက် ဝန်ထမ်းအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် အခြားဌာနခွဲများတွင်ပါ ယခုကဲ့သို့ ကုန်တင်ရေယာဉ်(အမြန်)လမ်းများ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ကုန်တင်ရေယာဉ်အမြန်လမ်းတိုးချဲ့ပြေးဆွဲမည့် ရေယာဉ်ရှိသည့်လမ်းသစ်ဆိပ်ခံတံတားသို့သွားရောက်ကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ကုန်တင်ရေယာဉ်အမြန်လမ်းတိုးချဲ့ပြေးဆွဲခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် စတင်ထွက်ခွာမည့် "ဝိရူရ" ကုန်တင် (အမြန်)ရေယာဉ်ပေါ်သို့ လိုက်ပါစီးနင်းသွားကြသည့် ခရီးသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ မြစ်ဝကျွန်းပေါ်ဌာနခွဲမှ တိုးချဲ့ပြေးဆွဲသည့် ရန်ကုန်-လပွတ္တာ (အပြင်) ကုန်တင်ရေယာဉ်(အမြန်) လမ်းနှင့် ရန်ကုန်-ဘိုကလေး ကုန်တင်ရေယာဉ် (အမြန်)လမ်းများကို ဒေသများ၏ လိုအပ်ချက်အရ တိုးချဲ့ပြေးဆွဲခြင်းဖြစ်ရာ ကုန်စည်စီးဆင်းမှုပိုမိုလျင်မြန်ချောမွေ့မည်ဖြစ်သည်။ ယခင်က ရန်ကုန်-မြစ်ဝကျွန်းပေါ်ဒေသသို့ တင်ပို့နေသည့် ကုန်ပစ္စည်းတန်ချိန်အရေအတွက်ထက် ယခုအခါ ကုန်ပစ္စည်းများကို တန်ချိန်များစွာပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး ရထားလမ်း၊ ကားလမ်းများထက် ရေကြောင်းလမ်းမှတင်ပို့ပါက ဈေးနှုန်းသက်သာပြီး ကုန်ပစ္စည်းအများဆုံးကို တစ်ချိန်တည်းတစ်ပြိုင်တည်း ပို့ဆောင်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ပခုက္ကူမြို့နယ်တင်ဝင်းထွန်းသစ်အခြေခံစက်ရုံဖွင့် ပြည်ပဝင်ငွေတိုးတက်ရရှိရေးရည်ရွယ်တည်ဆောက်

ရန်ကုန် ဇွန် ၁၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၀ရက် နံနက်ပိုင်းက ပခုက္ကူမြို့နယ် တင်ဝင်းထွန်းထုတ်လုပ်မှုကုမ္ပဏီလီမိတက် သစ်အခြေခံစက်ရုံဖွင့်ပွဲ အခမ်းအနားကို တက်ရောက်အားပေးသည်။

ရှေးဦးစွာ တာဝန်ရှိသူများမှ စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာများပက်ဖျန်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ လွှသွေးခန်းနှင့်ထွက်ရှိသည့် သစ်အချောထည်များကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး စက်ရုံ၏ရှင်းလင်းဆောင်တွင် ကုမ္ပဏီဥက္ကဋ္ဌ ဦးတင်ဝင်းက စက်ရုံတည်ဆောက်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦးက အမှာစကားပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

၎င်း ပခုက္ကူသစ်အခြေခံစက်ရုံသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ယင်းဒေသမှပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် တန်ဖိုးမြှင့် သစ်အချောထည်များကို ပြည်ပပို့၍ ပြည်ပဝင်ငွေတိုးတက်ရရှိရေးတို့အတွက် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၄-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	အတီးပြိုင်ပွဲ
၈:၀၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀	၈။	အရေးပြိုင်ပွဲ
၈:၂၀	၉။	သံလွင်တံတား(တာပါး)
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တေးဂီတအစီအစဉ်
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅	၆။	မြန်မာစာ မြန်မာစကား
၁၇:၃၀	၇။	**"သူငယ်ချင်းမရှိတဲ့ ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေရီကျော်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)
၁၇:၄၀	၈။	သီချင်းကြီးသရုပ်ဖော်
၁၇:၅၀	၉။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၅	၁၃။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉:၁၅	၁၄။	**"စက်မှုဖွံ့ဖြိုး ဒို့တိုင်းပြည်အကျိုး"** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်နယ်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
၁၉:၃၅	၁၅။	ဖွံ့ဖြိုးမှုအလင်းရောင်ဝေဖြာမန္တလေးတိုင်းရွာသစ်ကျေးရွာ
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**"ကြိုးတပ်တူရိယာတို့၏ တေးအဖွဲ့အနွဲ့များ"** (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်)

● ရှေ့ဖုံးမှ

၁၀၂ ဧက၊ စက်ရုံ အလုပ်ရုံများက ဧက ၂၀၀၊ ဌာနဆိုင်ရာများက ဧက ၄၀၀၊ စုစုပေါင်း ၇၀၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန သရက်ဘိလပ်မြေစက်ရုံသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးအောင်သိန်းမြင့်က ကုန်ကြမ်းထုတ်လုပ်မှု၊ မီးထိုးဆီ၊ ဒီဇယ်ဆီနှင့် လျှပ်စစ်ဓာတ်အားရရှိမှုနှင့် စက်ရုံ၏ ကုန်ချောထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စက်ရုံများအတွင်း စက်လည်ပတ်မှုအခြေအနေများနှင့်စက်ရုံမှ ထုတ်လုပ်သော စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး ၂၀၀၆–၂၀၀၇ခုဘဏ္ဍာနှစ်အတွင်း ဘိလပ်မြေထုတ်လုပ်မှု လျာထားချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရေး၊ စက်စွမ်းအားပြည့် ထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ အလေအလွင့်နည်းပါးရေးနှင့် ခြိုးခြံ ချွေတာရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ခွဲစိတ်ဆောင်သစ် နှစ်ထပ်ဆောက်လုပ်မည့်မြေနေရာကို ရှင်းလင်းပြသကြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြား၍ ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် သရက်မြို့နယ်ခန်းမ၌ သရက်ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆင်ပေါင်ဝဲ၊ ကံမ၊ အောင်လံနှင့် မင်းလှမြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ရှေးဦးစွာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး သရက်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တက်ညီလက်ညီ

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရန် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များကို အောင်မြင်ဖြစ်ထွန်းအောင်စိုက်ပျိုး ဆောင်ရွက်ရေးနှင့် မိုးစပါးစိုက်ဧကပြည့်မီကျော်လွန်အောင်စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားကာ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် သရက်မြို့ နယ်မြေခံ တပ်ရင်းရှိ မဟာဗန္ဓုလခန်းမဆောင်၌ သရက်နှင့် အောင်လံမြို့နယ်တို့ရှိ နယ်မြေခံ တပ်ရင်းများမှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေးနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြား၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စတင်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မင်းတုန်းမြို့နယ် မဲဇလီကျေးရွာ၌ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့တက်ရောက်ကြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူပင်များကို စတင်စိုက်ပျိုးပေးသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများက ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လှည့်လည် ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် သရက်ခရိုင် ကံမမြို့နယ် ကြို့ပင်ကျေးရွာအုပ်စု မိုင်တိုင်အမှတ် ၂၈/၃၌ကျင်းပသည့် ကံမမြို့နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြကာ ပါဝင်စိုက်ပျိုးပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၂၈/၃) ကံမမြို့နယ် ပုသိမ်–မုံရွာကားလမ်းမကြီး၏အနောက် သုံးမိုင်ခွဲခန့်အကွာ ကြို့ပင်ကျေးရွာ အနီးရှိ မဒေးချောင်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ပြည်မြို့ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းနှင့် တာဝန်ရှိသူများက မဒေးချောင်း ရေလှောင်တမံ တည်ဆောက်မှုအခြေအနေများကို ရှင်းလင်း တင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြား၍ ပင်မတမံ၊ ကုန်းကြောတမံနှင့် ရေထုတ်ပြွန်၊ ရေပိုလွှဲတည်ဆောက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မဒေးချောင်းရေလှောင်တမံသည် မြေသားတာတမံ၊ ကွန်ကရစ်ရေထုတ်ပြွန်အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။ ပင်မတမံမှာ အလျားပေ ၁၉၂၀၊ ကုန်းကြောတမံမှာ အလျားပေ ၁၂၀၀၊ အမြင့် ၁၅၅ပေ၊ ရေလှောင်ပမာဏမှာ ဧကပေ ၅၄၀၀၀ဖြစ်ပြီး လယ်မြေဧက၄၀၀၀ကို ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မင်းတုန်းမြို့နယ် မိုင်တိုင်အမှတ်(၄၅/၆)ရှိ မြန်မာဂိုးလ်ဒင်းစတားကုမ္ပဏီလီမိတက်၏ မြေယာဖော်ထုတ်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ မန်နေဂျာဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ကုမ္ပဏီ၏ မြေရယူထားမှုနှင့် စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မင်းတုန်းမြို့နယ် တံတားကျေးရွာအနီး မိုင်တိုင်အမှတ်(၂/၂)၊ မင်းတုန်းမြို့နယ်ရှိ တံတားဆည်သို့ သွားရောက်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါတံတားဆည်သည် ကျေးလက် ကိုယ့်အားကိုယ်ကိုးဆည်ဖြစ်ပြီး ၁၉၈၂–၁၉၈၃ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်၍ အလျားပေ၄၅၀၊ တမံအမြင့် ၂၅ပေ၊ တမံထိပ်ဝအကျယ် ၁၂ပေ၊ ရေလှောင်ပမာဏဧကပေ၄၀၀ ရှိခဲ့ရာမှ ၁၉၉၈–၁၉၉၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ပြန်လည်ပြုပြင်ခဲ့ရာ တမံအလျား၅၃၁ပေ၊ တမံအမြင့် ၃၃ဒသမ၅ပေ၊ တမံ ထိပ်ဝအကျယ် ၁၅ပေ၊ ရေလှောင်ပမာဏ ဧကပေ ၁၃၂၀သို့ အဆင့်မြှင့်တင်ခဲ့ပြီး အကျိုးပြုဧကမှာ မိုးစပါး၂၅၄ဧက၊ နွေစပါးဧက၁၀၀ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မင်းတုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စုပေါင်းစိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင်ရှစ်သောင်း ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မင်းတုန်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံရာ ရှေးဦးစွာ မင်းတုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် အောင်မြင်အောင် ဆောင်ရွက်ရန်၊ နွေစပါး၊မိုးစပါး စိုက်ဧကများတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်ကို သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုးရန် မှာကြားကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မင်းတုန်းမြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်ကြ၍ ဆေးရုံဝင်းနှင့်ဆေးသိုလှောင်ခန်း၊ လူနာဆောင်များ၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ဆောင်များကိုလှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

လိုအပ်ချက်များမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မင်းတုန်းမြို့နယ် ဝင်းသူဇာ အရောင်းဆိုင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး ငဖဲမြို့နယ် ပဒါန်းလမ်းဆုံသို့ ရောက်ရှိကြ၍ မကွေးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်နှင့်တာဝန်ရှိသူများက ပုသိမ်–မုံရွာလမ်းပြုပြင်မှုနှင့် မင်းဘူး–ပဒါန်း–အမ်း–စစ်တွေလမ်း (မကွေးတိုင်းအပိုင်း)နှင့် မကွေးတိုင်းအတွင်း လမ်းများ အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်ချက်များကို မှာကြားသည်။

(သတင်းစဉ်)

အများကောင်းကျိုး အနစ်နာခံပြီး ကြိုးစား၊ အရည်အချင်းရှိအောင် ဖြည့်ဆည်း ပြည်သူ့ဘဝကိုသိရှိပြီး မှန်ကန်သောဦးဆောင်မှုပေးမှ ခေါင်းဆောင်ကောင်းဖြစ်မည် ဒေသဖွံ့ဖြိုးရေးအတွက် ခံယူချက်၊ ယုံကြည်ချက်အပြည့်အဝဖြင့် လုပ်ဆောင်ပြ ထူးချွန်သော သားကောင်းရတနာများဖြစ်အောင် အစဉ်အလေးထား ကြိုးစား

ရန်ကုန် ဇွန် ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်သည် ယမန်နေ့တွင် အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့်အင်္ဂလိပ်ဒီပလိုမာရရှိကြသည့် ကျောင်းသားများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

တွေ့ဆုံပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အင်္ဂလိပ်ဒီပလိုမာရရှိကြသည့် ကျောင်းသားများနှင့် မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာဝန်ကြီးက အမှာစကား ပြောကြားရာတွင် နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးနှင့် အဆင့်မြင့်ပညာတတ်ကျွမ်းသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရေးဆိုသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးသည့် အစီအစဉ်ဖြစ်ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၁၉၈၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အခါတွင် နယ်စပ်ဒေသများသည် ထူးထူးခြားခြား ဖွံ့ဖြိုး တိုးတက်အောင်မြင်မှုများ ရရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းတွင် တိုင်းရင်းသားလူမျိုးအချင်းချင်း ဥမကွဲသိုက်မပျက် အပြန်အလှန်စာနာနားလည်မှု၊ တွယ်တာမှုများနှင့် ချစ်ကြည်စွာနေထိုင်သည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ ရှင်သန်မှုများရှိခဲ့ကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စု၏ မည်သည့် နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည် ဒို့တာဝန် အရေးသုံးပါး၏ အခြေခံဖြစ်ကြောင်း၊ လုပ်ငန်းခွင်ကိုဝင်ရောက်သည့်အခါ စာတွေ့ကို လက်တွေ့အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မှန်ကန်သောအတွေးအမြင်၊ အသိခံယူချက်များပြည့်ဝသည့် လူတော် လူကောင်းများဖြစ်စေရန် သင်ရိုးဆိုင်ရာ

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး)မှ ၂၀၀၅–၂၀၀၆ခုပညာသင်နှစ်သိပ္ပံဘာသာရပ် ထူးချွန်ဆုရ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမှ ရခိုင်တိုင်းရင်းသား မောင်မျိုးငြိမ်းထွန်းအားတွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)မှ ၂၀၀၅–၂၀၀၆ခုပညာသင်နှစ် ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့မှ ဓနုတိုင်းရင်းသား မောင်ညီညီအောင်အား တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး)မှ ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ် အင်ဂျင်နီယာ ဘာသာရပ် ထူးချွန်ဆုရ ကယားပြည်နယ် ဖရူဆိုမြို့နယ်မှ မနောတိုင်းရင်းသား မောင်ဌေးလှိုင်အား တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

❐ **ကျောဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စစ်တွေတပ်နယ် အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် နိုင်ငံတော်တစ်ဝန်းလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်ပြီး အကြားအလပ်မရှိ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မော်ကွန်းတင်နိုင်

ယခင်က လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့် ရခိုင်ပြည်နယ်ကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် လမ်း၊တံတားများကို ကွန်ရက်သဖွယ် တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ပြည်နယ်အတွင်း ပေ ၁၈၀ နှင့်အထက်ရှိ စီမံကိန်းဝင်တံတားကြီးပေါင်း ၃၄စင်းကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ ဧရာဝတီတိုင်းပြီးလျှင် ရခိုင်ပြည်နယ်သည်စီမံကိန်းဝင်တံတားများအနက် ဒုတိယမြောက်အများဆုံး ဖွင့်လှစ်ပေးနိုင်ခဲ့သည့် ပြည်နယ်အဖြစ် မော်ကွန်းတင်နိုင်ပြီ ဖြစ်ကြောင်း။

စိုက်ပျိုးရေးအနေဖြင့် ပြီးခဲ့သည့်နှစ်က မိုးစပါးဧက ၁၁ သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် မိုးစပါးဧက ၁၂သိန်းစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းလျာထားချက်အောင်မြင်ရေးအတွက် မြေလွတ်မြေရိုင်းများ ဖော်ထုတ်ရေးနှင့်ဧကတိုးတက်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

စီးပွားဖြစ်မွေးမြူ

မွေးမြူရေးကဏ္ဍ အနေဖြင့် လျင်လျင်မြန်မြန် ထုတ်လုပ်နိုင်သည့် ငါး၊ ပုစွန်နှင့် ဒေသကြက်များကို တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်မွေးမြူကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်က ခြံစည်းရိုးကြက်ဆူပင်ကို ဇီဝလောင်စာဒီဇယ်ဆီထုတ်ယူနိုင်ရေးအတွက် စိုက်ပျိုးကြရန် လမ်းညွှန်ထားရာ ရခိုင်ပြည်နယ်၌ သုံးနှစ်အတွင်း ဧကေါ်သိန်းစိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ပြည်နယ်အတွင်းရှိ တာဝန်ရှိသူ အဆင့်ဆင့်အနေဖြင့်လည်း စီမံကိန်းများအောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ အောက်ခြေအထိပါ ကွင်းဆင်းဆောင်ရွက်ရန်လိုကြောင်း၊ တာဝန်ကျေရုံမဟုတ်ဘဲ ပြည်နယ်၏အကျိုးစီးပွားကို မှတ်တမ်းတင် ဂုဏ်ယူနိုင်လောက်သည့်လုပ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမ၌ စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး အရာရှိ၊စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် စစ်တွေမြို့ရှိ ဖောင်တော်ကြီးဆိပ်ကမ်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ကြီးကြပ်မှုဖြင့် အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် စစ်တွေမြို့ အမှတ်(၁) ကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကမ်းရိုးတန်းသွားသင်္ဘောများနှင့် အိမ်နီးချင်းနိုင်ငံများသို့ သွားလာသည့်တန်ချိန် ၄၀၀၀တင် သင်္ဘောများ ဆိုက်ကပ်အသုံးပြုနိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်၍ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီပြီးစီးနိုင်ရေးနှင့်စပ်လျဉ်း၍ မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဆိပ်ခံတံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

အဆိုပါ ဆိပ်ခံတံတားကို မူလတံတားဟောင်းနေရာတွင် တန်ချိန် ၄၀၀၀တင် သင်္ဘောများဆိုက်ကပ် နိုင်မည့်မျက်နှာစာအလျားပေ ၂၄၀၊ အကျယ် ၄၈ ပေရှိ ဆိပ်ခံတံတားနှင့် အလျား ၄၄၄ ပေ၊ အကျယ် ၂၄ ပေရှိ ချဉ်းကပ်တံတားတစ်ခု ပါဝင်သည့် ခေတ်မီခိုင်ခံ့သောသံကူကွန်ကရစ်ဆိပ်ခံတံတားဖြင့် အစားထိုးတည်ဆောက်လျက်ရှိကြောင်း သိရသည်။ လက်ရှိလုပ်ငန်းတစ်ခုလုံး၏ ၆၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းပြီးစီးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်နှင့်အဖွဲ့ဝင်များ လိုက်ပါလျက် စစ်တွေမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

■ **ကျောဖုံးမှ**

ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများစုပေါင်းပေးအပ်သည့် အခမ်းအနားကို ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ မန်စီမြို့နယ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် NLD ပါတီမှ နုတ်ထွက်သူများတက်ရောက်ကြပြီး မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလဘန်လက သဘာပတိအဖြစ်ဆောင်ရွက်၍ မန်စီမြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးလဝေါမ်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အခမ်းအနားတွင် နုတ်ထွက်လွှာပေးအပ်သူခုနစ်ဦးတို့၏ကိုယ်စား မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဖော်ဂန့်လရိန်က ပါတီမှနုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြရာတွင် NLD ပါတီခေါင်းဆောင်များသည် ၎င်းတို့ပါတီကောင်းစားရေး၊ ၎င်းတို့ပါတီ အာဏာရရှိရေး၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် စကားအတိုင်း တိုင်းပျက်ပြည်ပျက် အဖျက်အမှောင့်လမ်းစဉ်ကို ဆောင်ရွက်နေမှုကြောင့် ပါတီအပေါ် စိတ်ပျက်ရွံရှာပြီး စိတ်ဝင်စားမှုတစ်နေ့တခြား လျော့နည်းလာခဲ့ကြောင်း၊ ယနေ့နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံး ဝိဝါဒသဘောထားမကွဲဘဲ နိုင်ငံတော်ဖွံ့ဖြိုးရေး၊ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးရေးဆိုသည့် အမျိုးသားရေးသက်သက်ကိုသာ နေ့မအား၊ ညမနား ဦးတည်ဆောင်ရွက်နေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရသည့်အတွက် အမျိုးသားနိုင်ငံရေးသက်သက်ကိုသာ စိတ်ဝင်စားလာပြီး ပါတီနိုင်ငံရေးကို စိတ်ပါဝင်စားမှုလုံးဝမရှိတော့သည့်အတွက် ပါတီဝင်အဖြစ်မှ နုတ်ထွက်ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် NLD ပါတီသို့ စတင်ဝင်ရောက်ခဲ့သည့် ရည်ရွယ်ချက်မှာ ပါတီနိုင်ငံရေးကို သန့်သန့်ရှင်းရှင်းဖြင့် ဆောင်ရွက်ပြီး ဒေသခံပြည်သူတို့၏ အကျိုးစီးပွားကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်မည်ဆိုသည့်ရည်ရွယ်ချက်ဖြင့် ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး၏ အမျိုးသားရေးကိုဦးတည်ပြီး နိုင်ငံ၏ အသက်သွေးကြောပမာဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကျင်းပခဲ့စဉ်က တိုင်းရင်းသားအားလုံးနှင့်အတူ NLD ပါတီကလည်း အစပိုင်းတွင် တက်ရောက်ဆွေးနွေးခဲ့ကြောင်း၊ ပါတီကောင်းစားရေးကို ရှေးရှုတောင်းဆိုမှုများမရရှိသည့်အချိန်တွင် တိုင်းရင်းသားများ၏ အမျိုးသားရေးကိုမကြည့်ဘဲ NLD ပါတီကောင်းစားရေးတစ်ခုတည်းကိုသာကြည့်ပြီး အမျိုးသားညီလာခံကြီးကို ကျောခိုင်းထွက်ခွာခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကမ္ဘာသိကြေညာခဲ့ပြီးနောက် အမျိုးသားညီလာခံ၌ ပါဝင်ဆွေးနွေးရန် NLD ပါတီကို ဖိတ်ခေါ်ခဲ့ကြောင်း၊ သို့ရာတွင် NLD ပါတီအနေဖြင့် တက်ရောက်ခြင်းမရှိတော့ဘဲ ပါတီတစ်စု၊ လူတစ်စုကောင်းစားရေးအတွက် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားဖွံ့ဖြိုး တိုးတက်ရေးကို ဆန့်ကျင်သည့် အဖျက်အမှောင့်လုပ်ရပ်များကို ပြည်ပနိုင်ငံအချို့နှင့် မြေပေါ်မြေအောက်အဖျက်သမားများနှင့် ပူးပေါင်း၍လုပ်ဆောင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ပါတီသည် ပြည်သူကိုကိုယ်စားမပြုဘဲ အမြဲတမ်း ဆန့်ကျင်ဘက်သို့သာ ဦးတည်နေသော လူပိုတစ်စုအဖြစ်ရောက်ရှိလာသည့်အတွက် ပါတီဝင်ဖြစ်ရခြင်းကို စိတ်ပျက်လာခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ဒေသဆိုင်ရာအာဏာပိုင်များ၏ စွမ်းစွမ်းတမံ အကောင်အထည်ဖော်မှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရ၏လုပ်ရပ်နှင့်စေတနာကို သိမြင်လာကာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေးကို ထာဝရလဲလှယ်ခဲ့ကြပြီး နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် မိမိတို့ ကချင်ပြည်နယ်အတွင်းမှာသာမက အခြားနယ်စပ် ဒေသများတွင်ပါမကျန် မကြုံစဖူးထူးကဲသည့် ငြိမ်းချမ်းသာယာမှုများရရှိလာသည်ကို မျက်မြင်တွေ့ရှိ ခံစားရကြောင်း၊ ၎င်းတို့အနေဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် အမှန်တကယ် အကျိုးပြုပြီး သန့်စင်မွန်မြတ်သည့် ရပ်တည်ခြင်းကို လိုလားခြင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်လိုခြင်း၊ အာဏာကို မက်မောပြီး အာဏာရရှိရေးကိုသာ အဓိကထား၍ အတ္တကြီးမားသည့် NLD ပါတီနှင့်ဆက်လက် လက်မတွဲလိုခြင်းနှင့် ပါတီအပေါ် လုံးဝစိတ်ဝင်စားခြင်းများ မရှိတော့သည့်အတွက် ပါတီမှ နုတ်ထွက်ရခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နုတ်ထွက်လွှာပေးအပ်သူခုနစ်ဦးတို့၏ ကိုယ်စား မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးမခါဂမ်က နုတ်ထွက်လွှာများကို မန်စီမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌထံ ပေးအပ်သည်။ မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကိုကိုးဦးဖြင့်စတင် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ တစ်ဦးမှာ ကွယ်လွန်သွားပြီး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအပါအဝင် ခုနစ်ဦးမှာ ယနေ့နုတ်ထွက်ခဲ့ကြသဖြင့် မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့တွင် တစ်ဦးသာကျန်ရှိပြီး ၎င်းမှာ အခြားဒေသသို့ ရောက်ရှိနေသဖြင့် မန်စီမြို့နယ် NLD ပါတီအနေဖြင့် လှုပ်ရှားဆောင်ရွက်မှုမရှိတော့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များတွေ့ဆုံညှိနှိုင်း လေ့လာတွေ့ရှိချက် စာတမ်းများရေးသားပြုစုခြင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၃

အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အစည်းအဝေးတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင် ဦးထွန်းရင်လောကသဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဦးမြစိန်၊ ဦးကျော်မျိုးဝင်း၊ ဦးလှမြင့်၊ ဦးလှတင်တို့တက်ရောက်ကြကာ လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသောင်းမြင့်၊ အဖွဲ့ဝင် ဦးဘဟန်၊ လုပ်ငန်းကော်မတီရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြု ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရေးသားပြုစု

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၅ခုနှစ် ဒီဇင်ဘာ၅ရက်မှ ၂၀၀၆ခုနှစ် ဇန်နဝါရီ၃၁ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများ၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာအခန်းနှင့် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့တို့ကတင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့၏လေ့လာတွေ့ရှိချက်ကို အမျိုးသားညီလာခံပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရန်စာတမ်းများ ရေးသားပြုစုခြင်းကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဇွန် ၁၃

(၅၃)ကြိမ်မြောက် ဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား ဇွန်၁၇ရက် မွန်းလွဲ ၁နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အဆောက်အအုံ (အပေါ်ဆုံးထပ်၌) တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါ၍ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူလတန်းလွန်ကျောင်း ရမ်းဗြဲ တိန်ပြင်ကျေးရွာ၌ဖွင့် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်း

ရန်ကုန် ဇွန် ၁၃

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် တိန်ပြင်ကျေးရွာ၌ အခြေခံပညာမူလတန်းလွန်ကျောင်း ဖွင့်ပွဲနှင့်ကျောင်းဝတ်စုံ၊စာရေးကိရိယာများ လှူဒါန်းပွဲအခမ်းအနားကို ဇွန်၆ ရက်တွင် ယင်းကျောင်း၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် (၁)မြို့နယ်မှူး ဦးစံထွန်းက အမှာစကားပြောကြားပြီး အလှူရှင် ရန်ကုန်မြို့ သမ္မတ နိဗ္ဗာန်ကုန်နှင့်သင်္ဘောကုန်သင်္ကန်းတိုက်ပိုင်ရှင် ဦးသန်းနိုင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြား၍ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ ၁၂၆ဦးတို့အတွက် ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ချွန်စက်နှင့်ခဲဖျက်တို့ကို တစ်နှစ်စာ ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)**

ငွေကျပ်၁၀သိန်းကျော်

အလှူရှင်အနေဖြင့် ရမ်းဗြဲမြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ အသုံးပြုရန် အိုလံပီယာ လက်နှိပ်စက်တစ်လုံး၊ ရမ်းဗြဲမြို့နယ် ပြည်သူ့ဆေးရုံခွဲစိတ်ခန်းရှိ လေအေးပေးစက်နှစ်လုံး ပြုပြင်လှူဒါန်းခြင်းနှင့် ခွဲစိတ်ခန်းသုံး မီးလုံးများလှူဒါန်းခြင်းအပါအဝင် ယင်းနေ့လှူဒါန်းမှုပမာဏမှာ ငွေကျပ်၁၀သိန်းကျော်ဖြစ်သည်။

ရည်ရွယ်ချက်

အဆိုပါ အခြေခံပညာမူလတန်းလွန်ကျောင်းကို ၂၀၀၄ခုနှစ်တွင် သမ္မတနိဗ္ဗာန်ကုန်နှင့်သင်္ကန်းတိုက်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၏ မူလတန်းလွန်ကျောင်းအဖြစ် ဖွင့်လှစ်သင်ကြားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

World Blood Donor Day

ကမ္ဘာ့သွေးလှူရှင်များနေ့

I'm.......and I Save Lives!

"မွန်မြတ်ဖြူစင် စေတနာရှင် သွေးလှူခြင်းဖြင့် အသက်ကယ်တင်"

၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၄ရက် မြန်မာနိုင်ငံကြက်ခြေနီအသင်း

သဘာဝဘေးအန္တရာယ် ကြိုတင်စုပေါင်းကာကွယ်

မောင်ထွန်းလွင်
(မိုးလေဝသ)

၂၀၀၆ ခုနှစ်ဟာ လာနီညာဖြစ်နိုင်တဲ့ နှစ်တစ်နှစ်ဖြစ်တာကြောင့် အနိမ့်ဆုံးပြောရရင် မိုးမည့်နိုင်တဲ့ နှစ်တစ်နှစ်ဖြစ်လိမ့်မယ်လို့ ကျွန်တော့်ကို မေးလာကြသူတွေကို နှစ်စကတည်းက ကျွန်တော်ပြောခဲ့ပါတယ်။ လာနီညာနှစ်သာဖြစ်ခဲ့ရင် မုတ်သုံဝင်တာ နောက်မကျဘူး။ မိုးကောင်းမယ်၊ မုန်တိုင်းအဖြစ်များမယ်၊ ရေကြီးနိုင်တယ်လို့လဲ ပြောခဲ့ပါတယ်။ ဒါပေမယ့် ဒီဇင်ဘာလမှာမှ အားအကောင်းဆုံးအဆင့်ကို ရောက်လာမယ့် လာနီညာကို ဇွန်လလောက်မှာမှ ဖြစ်မဖြစ်အတည်ပြုပေးနိုင်လိမ့်မယ်လို့လဲ ပြောခဲ့ပါတယ်။ အခုတော့ လာနီညာပညာရှင်များက လာနီညာဖြစ်ဖို့ ၃၀ရာခိုင်နှုန်းသာ ရှိတယ်လို့ ခန့်မှန်းချက်ပေးကြပါတယ်။ ဒါပေမယ့် တလောကပဲ ထိုင်းနိုင်ငံမှ ပညာရှင်တစ်ဦးက ၂၀၀၆ခုနှစ်ဟာ လာနီညာ ဖြစ်၊မဖြစ် မပြောပေမယ့် လာနီညာရာသီဥတုမျိုးဖြစ်နိုင်တယ်လို့ ပြောသွားခဲ့ပါတယ်။

ဒီတော့ လာနီညာရာသီဥတု (La Nina Weather)တွေထဲက အရေးပါတဲ့ **"ရေကြီးမှုဘေးအန္တရာယ်"** အကြောင်း အနည်းငယ် တင်ပြလိုပါတယ်။ ရေကြီးမှုဟာ အတိုင်းအတာသာ ကွာချင်ကွာမယ်။ တကယ်တော့ နှစ်စဉ်ကြုံတွေ့နေရတဲ့ သဘာဝဘေးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဇလဗေဒတိုင်းတာရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့တဲ့ ၁၉၆၆ခုနှစ်ကစပြီး ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ်အထိ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကာလအတွင်း မြစ်ကြီးခုနစ်စင်းအတွက် ခန့်မှန်းရေးဇလဗေဒစခန်းပေါင်း ၂၃ စခန်း ဖွင့်လှစ်ပြီး မြစ်ရေတိုင်းတာမှုများ ပြုလုပ်ပေးနေခဲ့တဲ့အပြင် စခန်းအသီးသီးတို့အတွက် စိုးရိမ်ရေအမှတ်များကို တိုင်းထွာသတ်မှတ်ထားပြီး ရေကြီးမှုကို သတိပေးချက်များ ထုတ်ပြန်ပေးနေပါတယ်။ နှစ်ပေါင်းက ၄၀၊ မြစ်က ခုနစ်စင်း၊ စခန်းက ၂၃စခန်း။ အဲဒါတွေရဲ့ စာရင်းကိုချုပ်လိုက်တော့ အောက်ပါအတိုင်း တွေ့ရပါတယ်–

စဉ်	မြစ်	ရေကြီးသည့်နှစ်ပေါင်း	ရာခိုင်နှုန်း	အများဆုံးဖြစ်တတ်သောမြို့များ	ကြိမ်နှုန်း
၁	သံလွင်	၃၆	၉၀	ဘားအံ	တစ်နှစ်တစ်ကြိမ်
၂	စစ်တောင်း	၃၄	၈၄	မဒေါက်	ငါးနှစ်လေးကြိမ်
၃	ချင်းတွင်း	၂၉	၇၂	ဟုမ္မလင်း၊မော်လိုက်၊ ကလေးဝ	သုံးနှစ်နှစ်ကြိမ်
၄	ရွှေကျင်	၂၁	၅၃	ရွှေကျင်	နှစ်နှစ်တစ်ကြိမ်
၅	ဧရာဝတီ	၁၇	၄၃	ကသာ၊ ညောင်ဦး၊ မင်းဘူး၊ ဟင်္သာတ	နှစ်နှစ်တစ်ကြိမ်
၆	မြစ်ငယ်	၁၆	၃၉	မြစ်ငယ်	သုံးနှစ်တစ်ကြိမ်
၇	ပဲခူး	၁၀	၂၅	ပဲခူး	လေးနှစ်တစ်ကြိမ်

ဒီဇယားအရ မြန်မာနိုင်ငံမှာ ရေကြီးမှု အဖြစ်အများဆုံးမြစ်က သံလွင်မြစ်ဖြစ်ပြီး နှစ်စဉ်ရေကြီးလေ့ရှိပါတယ်။ အနည်းဆုံးမြစ်ကတော့ ပဲခူးမြစ်ဖြစ်ပါတယ်။ လေးနှစ်မှ တစ်ခါလောက်သာ ရေကြီးတတ်ပါတယ်။ ကျန်တဲ့မြစ်ကြီးတွေအနေနဲ့ကတော့ စစ်တောင်းက ငါးနှစ်မှာ လေးကြိမ်၊ ချင်းတွင်းမြစ် သုံးနှစ်မှာ နှစ်ကြိမ်၊ ရွှေကျင် နှစ်နှစ်မှာ တစ်ကြိမ်၊ ဧရာဝတီ နှစ်နှစ်မှာ တစ်ကြိမ်နဲ့ မြစ်ငယ် သုံးနှစ်မှာ တစ်ကြိမ်တို့ဖြစ်ပါတယ်။ ရေကြီးမှု အဆိုးဆုံးနှစ်များကတော့ ၂၀၀၄၊ ၁၉၉၇၊ ၁၉၇၄နဲ့ ၁၉၇၆ခုနှစ်များ ဖြစ်ကြပါတယ်။

ဒါတွေကတော့ တိုင်းထွာထားတဲ့ စာရင်းဇယားတွေရဲ့ ကောက်နုတ်ချက်တွေပဲ ဆိုပါတော့ခင်ဗျာ။ ရေကြီးမှုရဲ့ သဘောသဘာဝကလေးကို လေ့လာတဲ့အခါမှာတော့ မြန်မာနိုင်ငံမှာ ရေကြီးခြင်းကို အဓိကအားဖြင့် သုံးမျိုးခွဲခြားနိုင်ပါတယ်။ (၁) ဒေသကျယ်ရေကြီးခြင်း(Plain Flood)၊ (၂) လျှပ်တစ်ပြက် ရေကြီးခြင်း (Flash Flood)၊ (၃) မုန်တိုင်းများကြောင့် ပင်လယ်ရေလှိုင်းခြင်း (Storm Surge)စတာတွေ ဖြစ်ပါတယ်။

ဒေသကျယ်ရေကြီးခြင်းဆိုတာကတော့ မြစ်ကြီးများမှာပဲဖြစ်လေ့ရှိပြီး ရေလျှံမှုကြောင့် မြေနိမ့်လွင်ပြင်များမှာ ရေမြုပ်ရတဲ့ ရေကြီးမှုမျိုးဖြစ်ပါတယ်။ နှစ်စဉ် ဖြစ်လေ့ဖြစ်ထမရှိတဲ့အပြင် ရုတ်တရက်လဲ မဖြစ်တတ်တာကြောင့် ကြိုတင်သိရှိနိုင်ပါတယ်။ ဒီလို ရေကြီးမှုမျိုးနဲ့ ကြုံကြိုက်တဲ့အခါ ရေနစ်မြုပ်ဧရိယာဟာ ကျယ်ပြန့်တတ်တဲ့အပြင် ရေမြုပ်ကာလကလဲ ကြာမြင့်တတ်တဲ့အတွက် ဝမ်းရောဂါလို ကူးစက်ရောဂါတွေ ဖြစ်ပွားတတ်ပြီး အသေအပျောက်အပျက်အစီးလဲ များတတ်ပါတယ်။ မြန်မာနိုင်ငံမှာ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ်စတဲ့ မြစ်ဝှမ်းဒေသများမှာ ဖြစ်တတ်ပါတယ်။ ၂၀၀၄ ခုနှစ်၊ ၁၉၉၇ခုနှစ်၊ ၁၉၇၄ခုနှစ်၊ ၁၉၇၆ခုနှစ်များရဲ့ မိုးရာသီကာလတွေ တုန်းက မြန်မာနိုင်ငံတစ်ဝန်း မြစ်ကြီးတွေမှာ ဖြစ်ပေါ်ခဲ့တဲ့ ရေကြီးမှုမျိုးဖြစ်ပါတယ်။

လျှပ်တစ်ပြက် ရေကြီးခြင်းဆိုတာကတော့ မြစ်ငယ်၊ ချောင်းငယ်များမှာ ဖြစ်လေ့ရှိတဲ့ ရေကြီးမှုမျိုးကို ခေါ်ခြင်းဖြစ်ပါတယ်။ နှစ်စဉ်ဖြစ်လေ့ဖြစ်ထရှိတဲ့အပြင် ရုတ်တရက်လဲ ဖြစ်တတ်တဲ့အတွက် ကြိုတင်သိရှိဖို့မလွယ်ပါဘူး။ ရေမြုပ်ကာလ မကြာမြင့်လှပေမယ့် ရုတ်တရက်ဖြစ်တတ်တဲ့အတွက် ကာကွယ်ဖို့အချိန် မရတတ်တာကြောင့် အန္တရာယ်ကြီးတတ်ပါတယ်။ အများအားဖြင့် မြစ်ငယ်ချောင်းငယ်များမှ မြစ်ကြောင်းမကြာခဏပြောင်းလဲခြင်း၊ မြစ်ကြောင်းကောက်ကွေ့ခြင်း၊ မြစ်ကြောင်းအောက်ခံကောလာခြင်း၊ ရေစီးနှုန်းနှေးကွေးလာခြင်း၊ မြစ်ကမ်းနံဘေးများမှာ တောပြုန်းလာခြင်းစတဲ့ ပြောင်းလဲလာတဲ့ ဂေဟအချက်များကြောင့် အဲဒီမြစ်ငယ်၊ ချောင်းငယ်များပေါ်ကို မိုးသဲသဲမဲမဲ ဆက်တိုက်ရွာလိုက်တဲ့အခါမှာတော့ မိုးရေတွေ တစ်ရှိန်ထိုးတိုးဝင်လာခဲ့ပြီး ရေမျက်နှာပြင်ဟာလဲ လျှပ်တစ်ပြက်မြင့်တက်လာတော့တာပါပဲ။ အခုတော့ အဲဒါတွေအပြင် မြန်မာနိုင်ငံရဲ့ မြောက်ဘက်မှာတည်ရှိတဲ့ ဟိမဝန္တာတောင်တန်းများပေါ်က ရေခဲအရည်ပျော်တာတွေ၊ သဘာဝမဟုတ်တဲ့ တောင်ပေါ်ရေအိုင်များ မိုးများတဲ့အခါ လျှံကျတာတွေကြောင့် ဧရာဝတီမြစ်ဖျားမှာ ရေမကြာမကြာကြီးနေတာလဲ အခုနောက်ပိုင်းမှာ ကမ္ဘာကြီးပူနွေးလာမှုနဲ့ ဆက်စပ်ပြီး တွေ့တွေ့နေရပါတယ်။ ဒီအခါမှာတော့ ရေထိန်းတာတမံတွေ ကျိုးပေါက်တာတွေ၊ မျောပါကုန်တာတွေ၊ မြေပြိုကျတာတွေ၊ အိမ်တွေ၊ လူတွေ ရေစီးအားနဲ့ မျောပါကုန်တာတွေ စတဲ့ဘေးဒုက္ခတွေ ဖြစ်တော့တာပါပဲ။ အများအားဖြင့် မိုးခေါင်တဲ့နှစ်တွေရဲ့ နောက်တစ်နှစ်မှာ မြေကြီးများရဲ့ ရေကိုခုခံနိုင်တဲ့စွမ်းရည် လျော့ပါးနေချိန်မျိုးမှာ ဖြစ်ပေါ်လာတဲ့ လျှပ်တစ်ပြက်ရေကြီးမှုများဟာ အပျက်အစီး အဆုံးအရှုံးပိုများတတ်ပါတယ်။ ဒေသကျယ် ရေကြီးမှုလောက် ရေကြီးမှုအတိုင်းအတာအားဖြင့် မကြီးပေမယ့် မြန်မာနိုင်ငံမှာ နှစ်စဉ်ဖြစ်လေ့ရှိတဲ့အတွက် အရေးပါတဲ့ ရေကြီးမှုဖြစ်ပါတယ်။ ၂၀၀၄ ခုနှစ် ဇူလိုင်လမှာ မြစ်ကြီးနားမြို့မှာ ရေရုတ်တရက်တက်ခဲ့တာမျိုး၊ ပြီးခဲ့တဲ့ မေလ ၃၀ရက်နေ့က စပြီး ဇွန်လ ၁ရက်နေ့လောက်အထိ မြစ်ကြီးနားမြို့အထက်မှာ ဖြစ်ပေါ်ခဲ့တဲ့ ရေကြီးမှုမျိုးဖြစ်ပါတယ်။

မုန်တိုင်းများကြောင့် ရေကြီးခြင်းဆိုတာကတော့ ပင်လယ်ကမ်းရိုးတန်းဒေသများ၊ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြစ်ဝ၊ ချောင်းဝများမှာ ဖြစ်တတ်တဲ့ ရေကြီးမှုမျိုးဖြစ်ပါတယ်။ နှစ်စဉ် ဖြစ်လေ့ဖြစ်ထမရှိဘဲ ဘင်္ဂလားပင်လယ်အော်အတွင်းက မုန်တိုင်းတွေ မြန်မာ့ကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်တဲ့အခါမှ ဖြစ်တတ်တဲ့အတွက် ကြိုတင်သိနိုင်ပါတယ်။ မုန်တိုင်းများ ကမ်းရိုးတန်းဒေသများကို ဖြတ်ကျော်တဲ့အခါ ကမ်းခြေကို ဖြတ်တိုက်တဲ့ ပင်လယ်လေပြင်းများကြောင့် ပင်လယ်လှိုင်းလုံးကြီးတွေကို ကမ်းခြေဒေသများ၊ ကမ်းရိုးတန်းတစ်လျှောက်ရှိ မြစ်များ၊ ချောင်းများနဲ့ ရေလက်ကြားများအတွင်းကို တစ်ဟုန်ထိုးစီးဝင်စေပါတယ်။

ဒီအခါ ပင်လယ်ရေတွေဟာ ရေတိမ်ပိုင်း ကမ်းရိုးတန်းဒေသကို တိုးဝင်ရခြင်း၊ မြစ်ရေစီးကြောင်းကို ဆန်စီးရတဲ့အတွက် ခုခံမှုအားကို ဆန့်ကျင်စီးဆင်းရခြင်း၊ မြစ်များ၊ ချောင်းများအတွင်းကို စီးဝင်လာရတဲ့အတွက်အောက်ခံဧရိယာကျဉ်းမြောင်းလာခြင်းစတာတွေကြောင့်ကမ်းခြေနဲ့ မြစ်များ၊ ချောင်းများအတွင်းရှိ ရေမျက်နှာပြင်များ ရုတ်တရက် မြင့်တက်လာစေပြီး ရေကြီးမှုကို ဖြစ်စေတတ်ပါတယ်။ ကာကွယ်ဖို့အချိန် လုံလုံလောက်လောက်မရရင် အန္တရာယ်ကြီးတတ်ပါတယ်။ ရေမြုပ်ကာလကလဲ အများအားဖြင့် ၇၂နာရီခန့်သာကြာမြင့်တတ်ပြီး မိုးဦးကာလများနဲ့ မိုးနှောင်းကာလများမှာ အဖြစ်များပါတယ်။ ၁၉၇၅ ခုနှစ် ပုသိမ်နဲ့ ဂွမြို့အကြား ဖြတ်ပြီးဝင်ရောက်ခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် ရေကြီးခဲ့ရာ လူ ၃၀၃ ဦး၊ ကျွဲ၊ နွား၊ တိရစ္ဆာန် ၁၀၁၉၁ ကောင် သေဆုံးခဲ့ပြီး အဆောက်အအုံနဲ့ စိုက်ပျိုးသီးနှံ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ်၁၀၅ကုဋေကျော်ဖိုး ဆုံးရှုံးခဲ့ပါတယ်။ ပြီးခဲ့တဲ့ မာလာမုန်တိုင်းတုန်းက ချောင်းသာကမ်းခြေကို ရေလွှမ်းမိုးခဲ့တဲ့ ရေကြီးမှုမျိုးဖြစ်ပါတယ်။

ရေကြီးမှုနဲ့ပတ်သက်လို့ ဂျပန်နိုင်ငံ၌ ၁၉၇၄ ခုနှစ်တွင် တိုနေးမြစ် (Tonegawa)နှင့် တာမိုအေးမြစ် (Tamoegawa) တို့မှာ ရေကြီးခဲ့တုန်းက ကွင်းဆင်းလေ့လာချက်များကို အောက်ပါအချက်များဟာ မှတ်သားဖွယ်ကောင်းလှပါတယ်–

(၁) အများအားဖြင့် ရေကာတာများ၊ တာတမံများဟာ ပျမ်းမျှအတန်းအစား ရေကြီးမှုများအတွက်သာ ခံနိုင်ရည်ရှိကြပါတယ်။ ထူးကဲရေကြီးမှုမျိုးနှင့် ကြုံကြိုက်တဲ့အခါမှာ စိတ်ချရမှု မရှိတော့တတ်တာတွေ့ရပါတယ်။

(၂) ရေလွှမ်းမိုးတဲ့အရပ်မှာရှိတဲ့ ဒေသခံလူများမှာ သက်ဆိုင်ရာဌာနက ထုတ်ပြန်တဲ့သတိပေးချက်တွေကို ရာခိုင်နှုန်းတော်တော်များများက သိရှိပေမယ့် ၎င်းတို့အနက် ရာခိုင်နှုန်းအနည်းငယ်ကသာ သတိပေးချက်ကို အလေးထားတတ်ကြပါတယ်။

(၃) ဒေသခံလူအများစုမှာ ရေလွှမ်းမိုးမည့် အန္တရာယ် ကြီးမားတဲ့ မြေနိမ့်အရပ်များမှာ နေထိုင်လျက်ရှိနေကြပေမယ့် အများအားဖြင့် မိမိတို့နေထိုင်ရာအရပ်ဒေသဟာ ရေကြီးမှုအန္တရာယ်မျိုး ကြုံကြိုက်နိုင်တယ်ဆိုတာကို အလေးမထားတတ်ကြဘူး။

အဲဒီလိုဆိုထားပါတယ်။

ဒါကြောင့် ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ရာမှာ မြေယာတွေ စနစ်တကျအသုံးချဖို့၊ ဘေးအန္တရာယ်ကာကွယ်နိုင်မယ့် အဆောက်အအုံတွေ ဆောက်လုပ်ဖို့၊ သတိပေးချက်များ ဒေသခံ လူအများဆီကို အချိန်မီ ရောက်ရှိဖို့၊ ဒေသဆိုင်ရာ ရာသီဥတု ဗဟုသုတတွေ ပြန့်ပွားဖို့၊ မြေယာအမျိုးအစားများနဲ့ ဘေးအန္တရာယ်အခြေအနေပြ မြေပုံတွေ ပြုစုဖို့၊ ဘေးအန္တရာယ် ကျရောက်တဲ့အခါ စနစ်တကျ ညီညီညာညာ ဝိုင်းဝန်းခုခံကာကွယ်ဖို့၊ အန္တရာယ်ကာကွယ်ရေးနဲ့ ဆိုင်တဲ့ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းထားဖို့ စတဲ့ လုပ်ငန်းတွေ အထူးလိုအပ်တာကို အတိတ်အတွေ့အကြုံများက ဖော်ညွှန်းနေပါတယ်။

၂၀၀၆ခုနှစ်ဟာ ရေကြီးမှုအတွက် သတိထားဖို့ လိုပါလိမ့်မယ်။ လောလောဆယ်မှာပဲ ထိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံမြောက်ပိုင်းတို့မှာ ရေကြီးမှုဘေးတွေ့ခဲ့ရပြီးပါပြီ။ မြန်မာနိုင်ငံမှာလဲ ဧရာဝတီမြစ်ဖျားပိုင်းမှာ လျှပ်တစ်ပြက်ရေကြီးမှု ကြုံတွေ့ထားရပါတယ်။ အန္တရာယ်ကြီးတဲ့၊ ထူးကဲတဲ့ ရေကြီးခြင်း (Phenomenal Floods)နှင့် ပတ်သက်ပြီး အရေးကြီးတဲ့ အချက်နှစ်ခုရှိပါတယ်။ ထူးကဲရေကြီးမှုတွေဟာ မကြာခဏဖြစ်လေ့မရှိပါဘူး။ ရာစုနှစ်တစ်ခုမှာ တစ်ကြိမ်၊နှစ်ကြိမ်သာ ဖြစ်လေ့ရှိပါတယ်။ အဲဒီလို ထူးကဲရေကြီးမှုကြီးတွေအတွက် ဒီကနေ့ လူသားများ အားထားနေတဲ့ ရေကာတာများ၊ တာတမံများစတဲ့ အဆောက်အအုံဆိုင်ရာ ကာကွယ်ရေးနည်းလမ်းတွေဟာ အားနည်းပြီး ထိရောက်မှုမရှိတတ်ခြင်းဟာ ပထမအချက်ဖြစ်ပါတယ်။ ဒီတော့ ၂၀၀၄ခုနှစ် ရေကြီးတုန်းကလို အစီအမံကောင်းတွေ လိုအပ်ပါတယ်။

၂၀၀၄ခုနှစ် ရေကြီးကာလတုန်းက ဧရာဝတီတိုင်း ဟင်္သာတခရိုင် ရေဘေးကာကွယ်ရေးအဖွဲ့၊ ကွပ်ကဲရေးအဖွဲ့များ၏ လုပ်ငန်းစီမံချက်များ စေ့စပ်ကောင်းမွန်လှပုံကို ဥပမာပေးတင်ပြပါရစေ။ ရန်ပုံငွေအင်အား၊ လူအင်အားများကို အသုံးပြုခဲ့ကြပါတယ်။ စိုက်ပျိုးမြေ ၄၉၉၆၂၆ဧကကို ရေဘေးမှ ကာကွယ်ပေးထားတဲ့ တာအရှည် ၂၀၀ဒသမ၄မိုင်ရှိတဲ့ ဟင်္သာတတာကို တာရိုးတစ်လျှောက်မှာ နှစ်ဖာလုံအကွာမှာ ရေကင်းတစ်ကင်းနှုန်းနဲ့ ရေကင်းပေါင်း ၂၉၉ကင်းကို ဖွင့်လှစ်ထားပြီး တစ်ကင်းမှာ နေ့ဆိုင်း၊ ညဆိုင်း နှစ်ဆိုင်းနှုန်း၊ တစ်ဆိုင်းကို လူလေးယောက်နှုန်းနဲ့ ရေကြီးကာလတစ်လျှောက်လုံး နေ့ညမပြတ် စောင့်ကြပ်ခဲ့ကြပါတယ်။ စောင့်ကြပ်ရာမှာလဲ တာအပေါ်မှာ တစ်ယောက်၊ တာအခြေမှာ တစ်ယောက်နှုန်းနဲ့ ကင်းတစ်ခုနဲ့တစ်ခု မျက်နှာချင်းဆိုင် လူချင်းဆုံမိတဲ့အထိ စနစ်တကျစစ်ဆေးကြရပါတယ်။ စုစုပေါင်း အသုံးပြုဖွဲ့စည်းထားတဲ့ အင်အားဟာ ၃၄၄၆၈ဦးရှိပါတယ်။ စောင့်ကြပ်ရာမှာ ရေကင်းတစ်ခုတိုင်းမှာနားဖို့၊ အိပ်ဖို့၊ စားဖို့၊ အရေးပေါ် အကြောင်းကြားဖို့ အားလုံးအတွက် စနစ်တကျနဲ့ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်ခံ့ခံ့နဲ့ တည်ဆောက်ထားတာကို တွေ့ရပါတယ်။

ရေကင်းတစ်ကင်းနဲ့ တစ်ကင်း၊ ရေကင်းတွေနဲ့ ကွပ်ကဲရေးရုံးစတာတွေကို ဆက်သွယ်ရေး လွယ်ကူစေဖို့ ကြိုးမဲ့စကားပြောစက်များကို အသုံးပြုစေပါတယ်။ အရေးပေါ်ကြုံလာရင် ပြည်သူများကို ကြိုကြိုတင်တင် အကြောင်းကြားနိုင်ဖို့အတွက် အသံချဲ့စက်များကိုလဲ ရေကင်းတိုင်းမှာ တပ်ဆင်ပေးထားပါတယ်။ ဆည်မြောင်းဦးစီးဌာနအနေနဲ့လဲ ညအိပ်ညနေ ကြီးကြပ်ခဲ့ကြပါတယ်။ ဆည်မြောင်းစခန်းပေါင်း ၁၂စခန်းကို ဖွင့်လှစ်ပြီး စခန်းတစ်ခုတိုင်းမှာ ယခင်ရေဘေးကာကွယ်မှု အတွေ့အကြုံရှိတဲ့ အကြီးတန်းလက်ထောက်အင်ဂျင်နီယာတစ်ဦးစီကို ကြီးကြပ်စေခဲ့ပါတယ်။

ရလဒ်ကတော့ ကာကွယ်ရေးဆောင်ရွက်မှုအနေဖြင့် ရေကြီးကာလ ၁၉ ရက်အတွင်း ဟင်္သာတရေကာတာ တာရိုးတစ်လျှောက်တွင် ထူးပေါက်နဲ့ ရေပေါက်ပေါင်း ၃၁၃ပေါက်၊ သဲဗွက်ထနေရာ ၂၈နေရာနှင့် တာလျှောတာအိနေရာ သုံးနေရာကို အချိန်မီရှာဖွေဖော်ထုတ်ပြုပြင်ထိန်းသိမ်းနိုင်ခဲ့ကြပါတယ်။ တာပေါက်တစ်ခုဖြစ်ပေါ်တိုင်း ကျွမ်းကျင်တဲ့ ဝန်ထမ်းများနဲ့ ဆောင်ရွက်သည့်တိုင် ခြောက်နာရီမျှကြာအောင် ပြုပြင်ကြရပါတယ်။ အချို့အပေါက်တွေဟာ အရွယ်အစားကြီးမားပြီး ရေထွက်နှုန်းများတဲ့အတွက် နှစ်ဆင့်၊ သုံးဆင့် ထပ်ရံပြီး တားဆီးကြရပါတယ်။ အချိန်မီသာ မထိန်းသိမ်းနိုင်ခဲ့ရင် အမှန်တကယ် တာကျိုးပေါက်မယ့် နေရာတွေ ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ အဲဒီထူးကဲရေကြီးမှုမျိုးကို လူအများဟာ အတွေ့အကြုံ မရှိတတ်ကြပါဘူး။ ဒါကြောင့် လျှော့ပေါ့တွက်ဆတတ်ကြပါတယ်။ ဒါကြောင့် လျှော့ပေါ့မတွက်ဆကြဖို့ လိုအပ်ပါတယ်။ အဲဒီအချက်နှစ်ချက်ဟာ ထူးကဲရေကြီးမှုမျိုးနဲ့ ကြုံကြိုက်လာတဲ့အခါ အပျက်အစီး အဆုံးအရှုံးကြီးမားစေနိုင်တဲ့ အချက်များဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းမှာ အဓိကလိုအပ်တာကတော့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ဖို့ သတိပေးချက်ထုတ်ပြန်ပေးတဲ့ အဖွဲ့အစည်း (Producer) **တွေရယ်၊ ဒါကို အသုံးပြုကြမယ့် ပြည်သူလူထု အဖွဲ့အစည်း** (User) **တွေရယ်၊ ဒီနှစ်ခုကို ပေါင်းစည်းပေးမယ့် သတင်းမီဒီယာ ဆက်သွယ်ရေးအဖွဲ့အစည်း** (Media) **တွေရယ်၊ ဒီသုံးဦးသုံးဖလှယ် ဟန်ချက်ညီညီ၊ အပေးအယူမျှမျှ၊ နားလည်မှုရှိရှိနဲ့ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းသည်သာ အဓိက ဖြစ်ပါတယ်လို့ ဆိုပါရစေတော့ ခင်ဗျာ။ ။**

စာမျက်နှာ ၈ မှ

ဘာသာရပ်အပြင် ပြည်ထောင်စု စိတ်ဓာတ်ဘာသာရပ်ကို အထူးအလေးထားသင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း။

ထပ်မံမွေးထုတ်နိုင်

၂၀၀၀ ပြည့်နှစ်မှ ယနေ့အထိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)နှင့် (မန္တလေး)မှ တိုင်းရင်းသား လူငယ် ၅၇၄ ဦးတို့အား ဘွဲ့၊ ဒီပလိုမာရရှိအောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၌ ခန့်အပ်တာဝန်ပေးပြီးဖြစ်ကြောင်း၊ ဘွဲ့၊ ဒီပလိုမာ ရရှိသူများအနက် ထူးချွန်ထက်မြက်သူများအား မဟာသိပ္ပံ/မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်း၊ မဟာသိပ္ပံ/မဟာဝိဇ္ဇာဘွဲ့ သင်တန်း၊ B.Tech သင်တန်း၊ B.E သင်တန်း၊ M.E သင်တန်းများ တက်ရောက်ရန် စီစဉ်ပေးလျက်ရှိကြောင်း၊ ယခုနှစ်သင်တန်းဆင်းကြသည့် ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ်တွင် မန္တလေးဒီဂရီကောလိပ်မှ ဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရ ၅၀ နှင့် အေဂျီတီအိုင် ဒီပလိုမာရရှိသူ ၄၀ စုစုပေါင်း သင်တန်းဆင်းကျောင်းသား ၉၀ တို့အား ထပ်မံ မွေးထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

အများကောင်းကျိုးအတွက် အနစ်နာခံဆောင်ရွက်ရန်လိုပြီး ကိုယ်တိုင်ကြိုးစား၊ ကိုယ်တိုင်အရည်အချင်းရှိအောင် ဖြည့်ဆည်းရင်း တိုင်းရင်းသားပြည်သူများ၏ ဘဝကိုသိရှိပြီး မှန်ကန်သော ဦးဆောင်မှု ပေးနိုင်မှသာ ခေါင်းဆောင်ကောင်းဖြစ်မည် ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ခံယူချက်၊ ယုံကြည်ချက်အပြည့်အဝဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထူးချွန်သောသားကောင်း ရတနာများဖြစ်အောင် အစဉ်အလေးထား ကြိုးစားသွားကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး)မှ ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ်တွင် ဝိဇ္ဇာဘာသာရပ်၌ ထူးချွန်ဆုရ ရှမ်းပြည်နယ် ကျောက်မဲမြို့မှ ခနုတိုင်းရင်းသား မောင်ညီညီအောင်၊ သိပ္ပံဘာသာရပ်၌ ထူးချွန်ဆုရ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမှ ရခိုင်တိုင်းရင်းသား မောင်မျိုးငြိမ်းထွန်းနှင့် အင်ဂျင်နီယာဘာသာရပ်၌ ထူးချွန်ဆုရ ကယားပြည်နယ် ဖရူဆိုမြို့မှ မနော တိုင်းရင်းသား မောင်ဌေးလှိုင် တို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု တိုင်းရင်း သားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး) မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင် ဒီပလိုမာရရှိကြသည့် ကျောင်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက်ဝန်ကြီးသည် ဆရာ ဆရာမများ၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင် ဒီပလိုမာ ရရှိကြသည့် ကျောင်းသားများနှင့် မိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



လုပ်ငန်းများထိရောက်ထက်မြက်စေရေးဆောင်ရွက် ပြည်သူများနှင့်ဆက်ဆံရာ၌ပြေပြစ်မှုရှိရေးအလေးထား

ရန်ကုန် ဇွန် ၁၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇွန် ၁၁ရက်တွင် မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဆန်းထွန်းနှင့် မန္တလေးတိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန တိုင်း၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဇွန် ၁၂ရက်တွင် ကျောက်ဆည်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်သို့ရောက်ရှိရာ ဘဏ်ခွဲမန်နေဂျာနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှု ထိရောက်ထက်မြက်စေရေး၊ ဒေသခံပြည်သူများနှင့် ဆက်ဆံရာတွင် ချိုသာပြေပြစ်မှုရှိရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

စစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ရှိ မိတ္ထီလာခရိုင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်းရုံးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပျော်ဘွယ်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ရမည်းသင်း မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာနရုံးတို့သို့ ကြည့်ရှုစစ်ဆေးကြရာမြို့နယ်တာဝန်ခံ အရာရှိများက ဌာနအလိုက်၊ လုပ်ငန်းတစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကိုဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးစောလှမင်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၄

ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အထူး အာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစောလှမင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၆ခုနှစ် မေ ၁၆ရက်တွင် ဘန်းမြို့၌ ဆွစ်ဇာလန်နိုင်ငံ သမ္မတ မစ္စတာမိုရစ်(ဇ်)၊ လျူအန်ဘာဂျာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၁၃

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် မန်ကျည်းကုန်းအုပ်စု အိမ်အိုကျေးရွာ အိမ်အိုအရှေ့ကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်၊ ကျောင်းတက်မင်္ဂလာပွဲနှင့် ရန်ကုန်ရောက် ပုဂ္ဂိုလ်များ၏ ဒုတိယ အကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့် (ဇူလိုင် ၉ ရက်)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြမည်ဖြစ်ရာ အိမ်အိုကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်ဆင့်နှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာအလှူရှင်များနှင့် ရန်ကုန်ရောက်နာယက ဦးသန်းမောင် မင်္ဂလာဒုံ၊ ဦးသောင်းတင်၊ ဦးစု၊ ဦးလှသန်း ၂/တောင်ရပ်ကွက် သာကေတမြို့နယ်တို့မှ ပုဂ္ဂိုလ်များနှင့် ကမကထ အကျိုးတော်ဆောင်များဖြစ်ကြသော ဦးသာအောင်၊ ဦးသောင်းရွှေ၊ ဦးလှရွှေ၊ ဦးကြည်မောင်တို့ ဦးဆောင်ဦးရွက် ပြုကြပြီး အိမ်အိုကျေးရွာ ပတ်ဝန်းကျင်ကျေးရွာများရှိ ကျောင်းအသီးသီးမှ ဆရာတော် သံဃာတော်အပါး ၁၀၀ ကျော် ပင့်ဆောင်၍ အိမ်အိုကျေးရွာ အရှေ့ကျောင်းတွင် ဒုတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

အိမ်အိုကျေးရွာမှ ရန်ကုန်ရောက် ပုဂ္ဂိုလ်များ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းလိုပါက နာယကဦးသန်းမောင် မင်္ဂလာဒုံ ဖုန်း-၆၃၆၄၀၉၊ ဦးသာအောင် ဖုန်း-၇၀၇၁၁၀ ဆန် ဆီကုန်စုံဆိုင် ရန်ပြေလမ်းမကြီး သာကေတ၊ ဦးသောင်းရွှေ ဖုန်း-၀၉၉၉ ၇၃၆၈၀ ရန်ပြေ ၃ လမ်းထိပ် ဆန်ဆီ ကုန်စုံဆိုင် ၂/တောင် ရပ်ကွက် သာကေတတို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

တောင်ကိုရီးယားအသင်းနှင့် တိုဂိုအသင်းတို့ပွဲစဉ်တွင် တောင်ကိုရီးယားအသင်းအတွက် ချေပဂိုးကို လီချန်ဆူးက အလွတ်တည်ကန်ဘောမှတစ်ဆင့် ဤသို့သွင်းယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

✡ ကျောဖုံးမှ

ချေပဂိုးကို ၅၃မိနစ်တွင် လီချန်ဆူးက အလွတ်တည်ကန်ဘောမှတစ်ဆင့် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ တိုဂိုအသင်းမှ အဘာလိုက ပတ်ဂျီဆန်ကို ကြမ်းတမ်းစွာဖျက်ကစားသဖြင့် ၅၃မိနစ်တွင် နှစ်ဝါ အနီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။ တိုဂိုအသင်း ၁၀ဦးတည်းဖြင့် ကစားရသဖြင့် အားနည်းသွားရာ တောင်ကိုရီးယားအသင်းအသာစီးမှ ကစားနိုင်ခဲ့သည်။

ဒုတိယဂိုး

တောင်ကိုရီးယားအသင်း ဘယ်ညာတောင်ပံများမှ အဆက်မပြတ် ထိုးဖောက်ကစားရင်း ၇၂မိနစ်တွင် အန်ဂျွန်ဝမ်က တိုဂိုအသင်း၏ပယ်နယ်တီ ဧရိယာအပြင်ဘက်မှ တိုက်ရိုက်ကန်သွင်းယူ၍ လှပစွာ ဂိုးဝင်သွားခဲ့သည်။ တောင်ကိုရီးယားအသင်းသည် ဒုတိယဂိုး(အနိုင်ဂိုး)ရရှိသွားပြီးနောက် ဘောလုံးပိုင်ဆိုင်မှုကို အဓိထားကစားသွားသည်။ တိုဂိုအသင်းချေပဂိုးရရှိရေး ပြန်လည်ထိုးဖောက်ကစားသော်လည်း တောင်ကိုရီးယားအသင်း နောက်တန်းက တည်ငြိမ်စွာ ဖျက်ထုတ်နိုင်ခဲ့သည်။ တောင်ကိုရီးယားအသင်းသည် ပွဲဦးထွက်သုံးမှတ်ရရှိသွား၍ အုပ်စုတက်ရန် အလားအလာကောင်းသွားသည်။ တောင်ကိုရီးယားအသင်းသည် ဒုတိယပွဲစဉ်အဖြစ် ဇွန် ၁၉ ရက်တွင် ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

ဇွန်၁၁ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားရပ်ကွက် အမက(၅)မှ ကျောင်းသူကျောင်းသား၃၀တို့အတွက် စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ ဝယ်ယူရန် ရပ်ကွက်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (တွဲဖက်စည်းရုံးရေးမှူး) ဦးစိန်ဝင်း-ဒေါ်သိန်းသိန်းစန်းက ထောက်ပံ့ငွေကျပ်တစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးရီထံ လှူဒါန်းစဉ်။ (၂၅၉)

၂၀၀၆ခုနှစ် ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့

အမျိုးသမီးအင်အား နိုင်ငံ့အား စွမ်းပကားဂုဏ်ဆောင် တို့ပြည်ထောင်

မျက်နှာသစ်ယူကရိန်းကို စပိန်နောက်တန်းထိန်းချုပ်နိုင်ပါ့မလား အာရှသားဆော်ဒီအာရေဗျနှင့် တူနီးရှားနည်းပြချင်းပြိုင်ရမည်

ရန်ကုန် ဇွန် ၁၃

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိကြရာ အုပ်စု(က)မှ အုပ်စု(ဆ)အထိ အသင်းများ တစ်ပွဲစီကစားပြီးကြပြီဖြစ်သည်။ အုပ်စု(ဇ)ပွဲစဉ်များကို ဇွန် ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်။

စပိန်နှင့် ယူကရိန်း

ဇွန်၁၄ရက်**(ယနေ့)**ည၇နာရီခွဲတွင် လိုက်ပ်ဇစ်မြို့ရှိ Zentralstadion အားကစားကွင်း၌ အုပ်စု(ဇ)မှ စပိန်အသင်းနှင့် ယူကရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ နာမည်ကြီး ဘောလုံးသမားများ ပါဝင်နေသည့်စပိန်အသင်းနှင့် မျက်နှာသစ်ယူကရိန်းအသင်းတို့၏ပွဲစဉ်မှာ အုပ်စု(ဇ)၏အရေးပါသောပွဲစဉ်တစ်ခုဖြစ်နေသည်။ ယခုပွဲကို ဆွစ်ဇာလန်ဒိုင်လူကြီး ဘူဆက်ကာတာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။

စပိန်အသင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများ၌ ပရိသတ် ထင်သလောက် ခြေစွမ်းပြနိုင်ခြင်းမရှိခဲ့ချေ။ ၁၉၅၀ကမ္ဘာ့ဖလားပွဲ၌ စတုတ္ထရရှိခဲ့သည်မှာ စပိန်တို့အတွက် အမြင့်မားဆုံး အောင်မြင်မှုပင်ဖြစ်သည်။ စပိန်အသင်းသည် အုပ်စုပွဲစဉ်များ၌ ခြေစွမ်းပြလေ့ရှိသော်လည်း ကွာတားဖိုင်နယ်အဆင့်လောက်နှင့် အရှိန်တန့်သွားသည်ကများသည်။ စပိန်လာလီဂါ၏ ဘောလုံး အဆင့်အတန်း မြင့်မားသလောက် စပိန်အသင်းအောင်မြင်မှုမရခြင်းမှာ စဉ်းစားစရာ ဖြစ်နေသည်။ စပိန်လက်ရွေးစင်ဘောလုံးသမားများသည် ကလပ်အသင်းများ၌ ခြေကုန်ထုတ် ကစားသလောက် နိုင်ငံ့လက်ရွေးစင်အသင်း၌ ခြေကုန်ထုတ်မကစားကြဟုပင် ဝေဖန်သူများရှိသည်။

စပိန်အသင်းသည် ခြေစစ်ပွဲစဉ်များ၌ ဆားဗီးယား၊ ဘော့စနီးယား၊ ဘယ်လ်ဂျီယံ၊ လစ်သူယေးနီးယား၊ ဆန်မာရီနိုအသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ စပိန်အသင်းသည် ၁၀ ပွဲကစား ငါးပွဲနိုင်၊ ငါးပွဲသရေ၊ အမှတ် ၂၀ ဖြင့် ဆားဗီးယား၏အောက် ဒုတိယနေရာသာရခဲ့သည်။ စပိန်အသင်းသည် အသင်းငယ်လေးများနှင့် သရေပွဲများဖြစ်ခဲ့၏။ တိုက်ရိုက်ခြေစစ်ပွဲမအောင်မြင်ဘဲ ဆလိုဗက်ကီးယားအသင်းနှင့် Play-Off ကစားပြီးမှ ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ စပိန်အသင်းသည် ကမ္ဘာ့ဖလားပွဲအကြိုနောက်ဆုံးခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ ခရိအေးရှားကို နှစ်ဂိုး–တစ်ဂိုး၊ အီဂျစ်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပြီး ရုရှားနှင့် ဂိုးမရှိသရေကျခဲ့သည်။

အာရာဂိုးနက်စ်

စပိန်အသင်းနည်းပြ အာရာဂိုးနက်စ်သည် အသက် ၆၇ နှစ်ရှိပြီဖြစ်ရာ ပြိုင်ပွဲဝင်အသင်းများမှ နည်းပြများထဲ၌ အသက်အကြီးဆုံးဖြစ်သည်။ အက်သလက်တီကိုမက်ဒရစ်အသင်း၌ ပါဝင်ကစားခဲ့ဖူးပြီး နည်းပြအဖြစ် တာဝန်ယူသောအခါ အက်သလက်တီကိုအသင်းကို လာလီဂါချန်ပီယံဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ နည်းပြ ဂိုးနက်စ်သည် ယူရို ၂၀၀၄ အပြီးတွင် စပိန်အသင်းကို တာဝန်ယူခဲ့ပြီး တိုက်စစ်အားသန်သူပီပီ စပိန်အသင်းကို တိုက်စစ်ဦးစားပေးကစားစေခဲ့သည်။ နည်းပြဂိုးနက်စ်သည် ယခင် နည်းပြများကဲ့သို့ပင် တိုက်စစ်မှူး ရာအူးလ်ကို လက်မလွှတ်နိုင်သေးဘဲ အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးဖွယ်ရှိသည်။ တိုက်စစ်မှူးရာအူးလ်(ရီးယဲလ်မက်ဒရစ်)မှာ နာမည်သာ ကျန်တော့ပြီး ခြေစွမ်းမှာ ကျဆင်းနေပြီဖြစ်သည်။

နည်းပြဂိုးနက်စ်သည် ၄–၄–၂ ပုံစံလူနေရာချထားမှုဖြင့် ခင်းကျင်းကာ ရှေ့တန်း၌ ရာအူးလ်နှင့် တောရက်စ်(အက်သလက်တီကို)တို့ကို ပွဲထုတ်လာနိုင်သည်။ အလယ်တန်း၌ လူးဝစ်ဂါစီယာ၊ အလွန်ဆို(လီဗာပူး)၊ ရေးယက်စ် (အာဆင်နယ်)၊ ဇာဗီ(ဘာစီလိုနာ)တို့ကို အမာခံထားနိုင်သည်။ နောက်တန်း၌ ပူယိုးလ်(ဘာစီလိုနာ)၊ ဆယ်လ်ဂါဒို (ရီးယဲလ်မက်ဒရစ်)၊ လိုပက်ဇ်၊ အိုင်ဘန်နက်ဇ် (အက်သလက်တီကို)တို့ ဖြစ်ဖွယ်ရှိပြီး ဂိုးသမားနေရာကတော့ကာဆီးလက်စ်(ရီးယဲလ်မက်ဒရစ်)ပင် သေချာနေသည်။ စပိန်နောက်တန်းမှ ဒယ်လ်ဟော်နို (ချယ်လ်ဆီး)မှာ ဒဏ်ရာကြောင့် မပါဝင်နိုင်သဖြင့် လူစားတစ်ဦး ခေါ်လိုက်ရသည်။

ယူကရိန်း

ယူကရိန်းအသင်းသည် ကမ္ဘာ့ဖလားစင်မြင့်ထက်သို့ ပထမဆုံးခြေချခွင့်ရသည့် ဥရောပမှ မျက်နှာသစ်အသင်းဖြစ်သော်လည်း ပြိုင်ဘက်များက လေးစားလောက်သည့် ခြေစွမ်း

စပိန်တိုက်စစ်မှူး ရာအူးလ်ဂွန်ဇာလက်ဇ် ခြေစွမ်းပြ အောင်ပွဲခံနိုင်ပါမည်လား။ (ဓာတ်ပုံ–အင်တာနက်)

ပိုင်ရှင်ဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုမှ ခွဲထွက်လာသော နိုင်ငံများထဲတွင် ယူကရိန်းသည် ဘောလုံးအင်အားကြီးနိုင်ငံဖြစ်သည်။ ယူကရိန်းအသင်းသည် ၁၉၉၈ ကမ္ဘာ့ဖလားပွဲနှင့် ၂၀၀၂ ကမ္ဘာ့ဖလားပွဲများ၌ ခြေစစ်ပွဲမအောင်မြင်ဘဲ ယခုပြိုင်ပွဲမှ ပထမဆုံးခြေစစ်ပွဲအောင်မြင်ပြီး ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ ယူကရိန်းအသင်းဟု ပြောလိုက်လျှင် အေစီမီလန်တိုက်စစ်မှူးဟောင်း ရှက်ဗ်ချင်ကိုကို ပြေးမြင်ကြမည်ဖြစ်သည်။ ရှက်ဗ်ချင်ကိုသည် ယခုအခါ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီဖြစ်ရာ လာမည့်ရာသီ ပရီမီယာရှစ်၌ ကြည့်ခွင့်ရမည်ဖြစ်သည်။

ယူကရိန်းအသင်း၏ ခြေစစ်ပွဲစဉ်ဖြတ်သန်းခဲ့မှုကို ကြည့်လျှင် လေးစားလောက်စရာခြေစွမ်းပိုင်ရှင်များဖြစ်ကြောင်း သိနိုင်သည်။ ဥရောပဇုန်တွင် အုပ်စုကျပ်၌ ပါဝင်ခဲ့သော်လည်း ပွဲမကုန်မီ အစောဆုံးခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ယူကရိန်းအသင်းသည် တူရကီ၊ ဒိန်းမတ်၊ ဂရိ၊ အယ်လ်ဘေးနီးယား၊ ဂျော်ဂျီယာ၊ ကာဇက်စတန်တို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ ၁၂ ပွဲကစားရာတွင် ခုနစ်ပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံး ၂၅ မှတ်ဖြင့် အုပ်စုပထမရရှိကာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ဖလားအကြိုခြေစမ်းပွဲ သုံးပွဲကစားခဲ့ရာ လူဇင်ဘတ်ကို သုံးဂိုး–ဂိုးမရှိ၊ လစ်ဗျားကို သုံးဂိုး–ဂိုးမရှိဖြင့်နိုင်ပြီး အီတလီနှင့် ဂိုးမရှိသရေကျခဲ့သည်။

အိုလက်ဘလော့ကင်

ယူကရိန်းအသင်းနည်းပြ အိုလက်ဘလော့ကင်သည် ဘောလုံးသမားဘဝက တိုက်စစ်မှူးအဖြစ် ကျော်ကြားခဲ့သည်။ ဆိုဗီယက်နိုင်ငံ၌ ပွဲအများဆုံးကစားသူနှင့် ဂိုးအများဆုံးသွင်းသူအဖြစ် မှတ်တမ်းဝင်သည်။ ဂရိကလပ်အသင်းများကို ကိုင်တွယ်ခဲ့ဖူးပြီး ၂၀၀၃ ခုနှစ်တွင် ယူကရိန်းအသင်းကို တာဝန်ယူခဲ့သည်။ ယူကရိန်းအသင်းကို ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ရမည်ဟု အာမခံချက်ပေးခဲ့သည့်အတိုင်း ပထမဆုံးခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ နည်းပြဘလော့ကင်သည် ၃–၄–၃ ပုံစံလူနေရာချထားမှုဖြင့် အသင်းကစားကွက်ကို ပုံဖော်ကာ ခံစစ်ကိုလုံအောင်လုပ်ပြီးမှ တန်ပြန်တိုက်စစ်ဖြင့် ဂိုးရအောင် ဖန်တီးစေသည်။ ရှေ့တန်း၌ ရှက်ဗ်ချင်ကို(ချယ်လ်ဆီး)ကို အထောင်ထားပြီး ဗိုရိုနင်(လေဗာကူဆင်)၊ ဗိုရိုဘီ(ရှက်တာဒိုးနက်)တို့ကို ရံထားပေးသည်။ ယူကရိန်းအသင်းသည် ခံစစ်မာကြောသောအသင်းဖြစ်ပြီး တိုက်စစ်ပိုင်း၌လည်း ရှက်ဗ်ချင်ကို၏ ခြေစွမ်းက ထူးချွန်ဖြစ်နေသည်။ သို့သော်လည်း စပိန်နှင့်ပွဲ၌ ရှက်ဗ်ချင်ကို ပါဝင်ကစားနိုင်၊ မကစားနိုင်ရေးမှာ ယခုအချိန်အထိ မရေမရာအနေအထားမျိုး၌ ရှိနေဆဲဖြစ်သည်။

စပိန်နှင့် ယူကရိန်းတို့ ၂၀၀၃ ခုနှစ်အတွင်း နှစ်ကြိမ်ဆုံတွေ့ခဲ့ရာ စပိန်ကတစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျခဲ့သည်။ စပိန်အသင်း၏လက်ရှိကမ္ဘာ့အဆင့်က ၅၊ ယူကရိန်းအသင်း၏ လက်ရှိကမ္ဘာ့အဆင့်က ၄၅ဖြစ်သည်။ စပိန်အသင်းသည် ကိုယ်ပိုင်ကစားဟန်ရှိသောအသင်းတစ်သင်းဖြစ်ပြီး အသင်းလိုက် ကစားကွက်မိလျှင် အလွန်ကြည့်ကောင်းသည်။ စပိန်အသင်း၏ ကစားဟန်မှာ ဥရောပအသင်းအများစုကဲ့သို့ Power Play မဟုတ်ဘဲ တစ်ဦးချင်းကျွမ်းကျင်မှုကို အခြေခံကာ လျင်လျင်မြန်မြန် အပေးအယူ လုပ်ကာ ကစားတတ်သည်။ ယူကရိန်းအသင်းက လူဟောင်းများကြံ့ခိုင်မှုရှိသလို ခွန်အားနှင့် ကျွမ်းကျင်မှုကို ပေါင်းစပ် ကစားလေ့ရှိသည်။ ယခုပွဲအပေါ် သုံးသပ်ရာ၌ ရှက်ဗ်ချင်ကို ပါမပါဆိုသောအချက်က အရေးပါနေသည်။ စပိန်အသင်း အလေးသာနေသော်လည်း ယူကရိန်း လူစုံလျှင် အနည်းဆုံး သရေကစားနိုင်သည်။ စပိန်အသင်း ပွတ်ကာသီကာ ကပ်နိုင်သွားလိမ့်မည်ဟုထင်သည်။

တူနီးရှားနှင့် ဆော်ဒီအာရေဗျ

ဇွန် ၁၄ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည၁၀နာရီခွဲတွင် မြူးနစ်မြို့ရှိ Allanz Arena အားကစားကွင်း၌ အုပ်စု(ဇ)မှ တူနီးရှားအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အာဖရိကတိုက်မြောက်ပိုင်းမှ ကာသေ့ချ် လင်းယုန်များဟု တင်စားခြင်း ခံရသော တူနီးရှားအသင်းနှင့် အာရှမှ ကန္တာရဘုရင်ဟု တင်စားခြင်း ခံရသော ဆော်ဒီအာရေဗျအသင်းတို့၏ ပွဲစဉ်မှာ ခြေစွမ်းအားဖြင့် မတိမ်းမယိမ်းဖြစ်၍ အကြိတ်အနယ်ရှိမည် ဖြစ်သည်။ ယခုပွဲစဉ်ကို ဩစတြေးလျ ဒိုင်လူကြီးမာ့ခ်ရှီးက တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည်။

တူနီးရှားအသင်းသည် တောင်အာဖရိကအသင်းများအနက်ကမ္ဘာ့ဖလားပြိုင်ပွဲ အတွေ့အကြုံများသော အသင်းဖြစ်သည်။ ၁၉၉၈ ကမ္ဘာ့ဖလားပွဲနှင့် ၂၀၀၂ ကမ္ဘာ့ဖလားပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ရာ ယခုပြိုင်ပွဲသည် သုံးကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ နိုင်ဂျီးရီးယား၊ မော်ရိုကို၊ ကင်မရွန်းတို့ ခြေစစ်ပွဲမအောင်မြင်ဘဲ ပြုတ်ကျန်ခဲ့ချိန်တွင် တူနီးရှားက ဤမနီသို့ ခရီးဆက်နိုင်ခဲ့ရာ ခြေစွမ်းတည်ငြိမ်မှုရှိသည်ဟု ဆိုနိုင်သည်။ တူနီးရှားအသင်း ခြေစစ်ပွဲသုံးကြိမ်ဆက်တိုက် အောင်မြင်သော်လည်း ကမ္ဘာ့ဖလားပွဲစဉ်များ၌ အုပ်စုပထမအဆင့်ထက် မကျော်လွှန်နိုင်ဘဲရှိခဲ့ရာပြိုင်ဘက်များ၏ လျှော့တွက်ခြင်းခံရလေ့ရှိသည်။

တူနီးရှားအသင်းသည် ခြေစစ်ပွဲစဉ်များ၌ မော်ရိုကို၊ ဂီနီ၊ ကင်ညာ၊ ဘော့ဆွာနာ၊ မာလာဝီတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ ၁၀ပွဲကစားရာတွင် ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး ၂၁ မှတ် ရခဲ့သည်။ ဒုတိယနေရာမှ မော်ရိုကိုနှင့်အကြိတ်အနယ်ပြိုင်ခဲ့ရပြီး တစ်မှတ်အသာဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ တူနီးရှားအသင်းသည် ကမ္ဘာ့ဖလားပွဲအကြို နောက်ဆုံးခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ ဘီလာရုစ်ကို သုံးဂိုး–ဂိုးမရှိဖြင့်နိုင်၊ ဥရုဂွေးနှင့် ဂိုးမရှိသရေ၊ ဆားဘီးယားကို တစ်ဂိုး–ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သည်။ တူနီးရှားအသင်းမှ ဆန်းတိုးစ်(တူးလော့စ်)၊ ထရာဘယ်ဆီ(အေဂျက်စ်)၊ ဂျိုက်ဒီ(ဘော်လ်တန်)နှင့် ဂျာဇီရီ(ထရိုင်ယက်စ်)တို့ ထင်ရှားပြီး အသင်း၏ အမာခံများဖြစ်ကြသည်။

နည်းပြလီမာရေး

ပြင်သစ်လူမျိုး တူနီးရှားအသင်းနည်းပြ လီမာရေးသည် အောင်မြင်မှုနှင့် ကျရှုံးမှုဒွန်တွဲနေသူဖြစ်သည်။ ပြင်သစ်အသင်းအား ၁၉၉၈ ကမ္ဘာ့ဖလားပွဲနှင့် ယူရို ၂၀၀၀ပြိုင်ပွဲများ၌ ချန်ပီယံဆုရယူပေးနိုင်ခဲ့၍ ပြင်သစ်နိုင်ငံ၏ အအောင်မြင်ဆုံးနည်းပြအဖြစ်မှတ်တမ်းတင်ခြင်းခံရသည်။ သို့သော်လည်း ၂၀၀၂ ကမ္ဘာ့ဖလားပွဲတွင် ပြင်သစ်အသင်းအုပ်စုအဆင့်မှပင် ထွက်ခဲ့ရသဖြင့် နည်းပြလီမာရေးအကျနာခဲ့ရသည်။ နည်းပြလီမာရေးသည် ၂၀၀၂ ကမ္ဘာ့ဖလားပွဲအပြီးတွင် တူနီးရှားအသင်းကို တာဝန်ယူခဲ့ပြီး မာကြောတောင့်တင်းသည့်ခံစစ်ကြောင်းကိုတည်ဆောက်ကာ ခြေစစ်ပွဲကို ကျော်ဖြတ်ခဲ့သည်။ နည်းပြလီမာရေးသည် ၄–၄–၂ ပုံစံလူနေရာချထားမှုဖြင့် အသင်းကိုအထိုင်ချပြီး တောင်ပံတိုက်စစ်များကို အားပြုကစားသည်။ အခြားသော အာဖရိကအသင်းများကဲ့သို့ ခွန်အားကို အလွန်အကျွံအသုံးပြုသည့် နည်းဗျူဟာမချမှတ်ဘဲ ခွန်အား



စပိန် နည်းပြ

စပိန်အသင်း နည်းပြ အာရာဂိုးနက်စ်။

(ဓာတ်ပုံ–အင်တာနက်)

နှင့်ကျွမ်းကျင်မှုကို လိုက်လျောညီထွေဖြစ်အောင် ဖန်တီးယူထားသည်။

ဆော်ဒီအာရေဗျ

ဆော်ဒီအာရေဗျအသင်းသည် ၁၉၉၄ ကမ္ဘာ့ဖလားပွဲမှ ၂၀၀၂ ကမ္ဘာ့ဖလားပွဲအထိ သုံးကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်မြင်ခဲ့ရာ ယခုအကြိမ်နှင့်ဆိုလျှင် လေးကြိမ်မြောက် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျအသင်း၏ထူးခြားချက်မှာ ပထမဆုံးခြေစစ်ပွဲအောင်မြင်သည့် ၁၉၉၄ ကမ္ဘာ့ဖလားပွဲတွင် ရှုံးထွက်အဆင့်အထိ တက်ရောက်နိုင်ခဲ့သော်လည်း နောက်ပိုင်းပြိုင်ပွဲများ၌ အုပ်စုပထမအဆင့်မှပင်လှည့်ပြန်ခဲ့ရသည်။ ဆော်ဒီအာရေဗျအသင်းသည် အာရှဇုန်ခြေစစ်ပွဲစဉ်များတွင် ရှုံးပွဲမရှိဘဲ ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ နောက်ဆုံးအဆင့်ခြေစစ်ပွဲစဉ်များ၌ တောင်ကိုရီးယား၊ ဥဇဘက်ကစ္စတန်၊ ကူဝိတ်အသင်းတို့နှင့် ယှဉ်ပြိုင်ခဲ့ရသည်။ ခြောက်ပွဲကစားရာတွင် လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ ၁၄ မှတ်ရခဲ့သည်။ တောင်ကိုရီးယားအသင်းကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စလုံးအနိုင်ကစားခဲ့သည်။

ဆော်ဒီအာရေဗျအသင်း နည်းပြမားကို့စ်ပါကီတာသည် ဘရာဇီးလူမျိုးဖြစ်ပြီး ၂၀၀၃ ခုနှစ်တွင် ဘရာဇီး (ယူ–၁၇)အသင်းနှင့် ဘရာဇီး (ယူ–၂၀)အသင်းတို့ကို ကမ္ဘာ့လူငယ်ပြိုင်ပွဲ၌ ချန်ပီယံဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်သည်။ ၂၀၀၄ခုနှစ်တွင် ဆော်ဒီအာရေဗျကလပ် အယ်ဟီလယ်ကို တာဝန်ယူခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ဆော်ဒီအာရေဗျလက်ရွေးစင်နည်းပြအဖြစ်ခန့်အပ်ခံရခြင်းဖြစ်သည်။ နည်းပြပါကီတာသည် ဆော်ဒီအာရေဗျအသင်းကို ၄–၄–၂ ပုံစံလူနေရာချထားမှုဖြင့် အထိုင်ချလေ့ရှိသည်။ ဆော်ဒီအာရေဗျအသင်းကို ဘရာဇီးစတိုင်ဖြင့် ဘောလုံးရသပေါ်လွင်အောင် ကစားစေသည်။ ဆော်ဒီအာရေဗျအသင်းသည် လူထက် ဘောလုံးကို အဓိကထားကစားသဖြင့် Foul Play နည်းသည်။ ရှေ့တန်း၌ တိုက်စစ်မှူး တစ်ဦးကိုအထောင်ထားပြီး နောက်ချန်တိုက်စစ်မှူးနှစ်ဦးထားကာ တြိဂံတိုက်စစ်အတွဲဖြင့် ထိုးဖောက်လေ ဆော်ဒီအာရေဗျအသင်းမှ ဘောလုံးသမားများ ပြည်ပသို့ထွက်ကစားသူ နည်းပြီး ပြည်တွင်း ကလပ်များ၌သာ ကစားနေကြသည်။ နောက်တန်းလူ တာရာရီ (အယ်အစ်တီဟတ်)၊ တိုက်စစ်မှူး အယ်ဂျာဘား (အယ်ဟီလယ်)၊ အယ်ကာတာနီ (အယ်လ်ဟီလယ်)၊ မိုဟာမက်နူး၊ (အယ်အစ်တီဟတ်)တို့မှာ အသင်း၏အမာခံအင်အားများဖြစ်သည်။ အာရှတိုက်မှ အီရန်နှင့် ဂျပန်အသင်းတို့ပွဲဦးထွက်၌ ဂိုးပြတ်များဖြင့်ရှုံးနိမ့်ခဲ့ကြရာ ဆော်ဒီအာရေဗျအသင်း အာရှတိုက်ဂုဏ်ကိုဆောင်နိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ တူနီးရှား အသင်းသည် အုပ်စုပထမအဆင့်မှ ကျော်လွှန်နိုင်သည့်မှတ်တမ်းဝင်လိုပါက ယခုပွဲကို မဖြစ်မနေအနိုင်ကစားရန် လိုအပ်သည်။ ဆော်ဒီအာရေဗျအသင်း အနေဖြင့်လည်း အိမ်အပြန်တွင် မျက်နှာပန်းလှလိုပါက ယခုပွဲ အနိုင်ကစားပြမှသာ ဖြစ်နိုင်ပေမည်။ နှစ်သင်းစလုံး၏ ခြေစွမ်းမှာ စပိန်နှင့်ယူကရိန်းတို့ကို ခြေရည်တူယှဉ်နိုင်သောအနေအထား မရှိ၍ ယခုပွဲသာလျှင် အဓိကအာရုံစိုက်ကြရမည်ဖြစ်သည်။

တူနီးရှားအသင်း၏ လက်ရှိကမ္ဘာ့အဆင့်က ၂၁၊ ဆော်ဒီအာရေဗျအသင်း၏လက်ရှိကမ္ဘာ့အဆင့်က ၃၄ ဖြစ်သည်။ တူနီးရှားအသင်းနှင့်ဆော်ဒီအာရေဗျအသင်းတို့ ယခင်ကဆုံတွေ့ခဲ့ဖူးခြင်းမရှိပေ။ တူနီးရှားအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့၏ ကမ္ဘာ့ဖလားပွဲအတွေ့အကြုံချင်းက မတိမ်းမယိမ်းပင်ဖြစ်သည်။ တူနီးရှားအသင်းမှ ကစားသမားများ နိုင်ငံတကာအတွေ့အကြုံပိုများခြင်းက အားသာချက်ဖြစ်နေသည်။ ပြင်သစ်နည်းပြ လီမာရေးနှင့်ဘရာဇီးနည်းပြ မားကို့စ်ပါကီတာတို့ မည်သူခေါင်းကြီးသည်ဟု ကြည့်ရမည်ဖြစ်သည်။ ဒေသစွဲနှင့် အာရှသားဆော်ဒီအာရေဗျကို အားပေးချင်သော်လည်း တူနီးရှားအသင်းအနိုင်ရသွားမည်ဟူ၍သာ ကြိုတင်မျှော်လင့်ချင်ပါကြောင်း ပွဲကြိုအဖြစ်သုံးသပ်ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သုံးသပ်ရေးသားသူ – ကိုထွေး

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးသတင်းများ

ဘာလင် ဇွန် ၁၃

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ စတင်ကျင်းပနေပြီဖြစ်ရာ ဇွန် ၁၄ ရက် (ယနေ့)**တွင် ကစားကြမည့် ဘောလုံးအသင်းများနှင့်ပတ်သက်၍ နောက်ဆုံးရရှိသည့် သတင်းများကို ဖော်ပြလိုက်ပါသည်။**

ယူကရိန်း တိုက်စစ်မှူး ရှက်ဗ်ချင်ကို။
(ဓာတ်ပုံ–အင်တာနက်)

တူနီးရှားအသင်း အရေးပေါ်လူစားထိုးရပြီ

ဇွန် ၁၄ ရက် **(ယနေ့)**တွင် ကစားမည့် ဆော်ဒီအာရေဗျနှင့်ပွဲအတွက် တူနီးရှားနောက်ခံလူ မက်ဒီမီရစ် လေ့ကျင့်စဉ် ဒဏ်ရာရရှိသွားရာ ဟက်ကယ်ဂွိမန်ဒီရာအား အရေးပေါ် အစားထိုးလိုက်ရကြောင်း သိရသည်။

တူနီးရှားအသင်း အရေးပေါ် လူအစားထိုးမှုကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က အထူးအခွင့်အရေးတစ်ရပ်အဖြစ် ခွင့်ပြုပေးခဲ့သည်။ အသက် ၂၄နှစ်အရွယ်ရှိ ဂွိမန်ဒီရာသည် ယနေ့ကစားမည့် ဆော်ဒီအာရေဗျနှင့် ပွဲစဉ် ၌ တူနီးရှားအသင်းတွင် ပါဝင်ကစားမည်ဖြစ်သည်။ တူနီးရှားအသင်းမှ အရန်တိုက်စစ်မှူး အစ်ဆမ်ဂျိုမာ ၂၂နှစ်သည်လည်း ယခုရက်ပိုင်း အတွင်း ဒူးဒဏ်ရာရရှိခဲ့သဖြင့် ယနေ့ပွဲနှင့် လွဲပြီဖြစ်သည်။

ဆော်ဒီအသင်းအုပ်စုမှတက်လျှင် တစ်ဦးလျှင် ယူရို ၈၆၉၄၀ ရမည်

အုပ်စု(ဇ) မှ ဆော်ဒီအသင်းသည် ကမ္ဘာ့ဖလားပွဲစဉ်အဖြစ် ဇွန် ၁၄ ရက်**(ယနေ့)**တွင် တူနီးရှားအသင်းနှင့် ကစားရမည်ဖြစ်ရာ ဆော်ဒီအသင်း အုပ်စုမှတက်လျှင် ဘောလုံးသမားတစ်ဦးလျှင် ယူရိုငွေ ၈၆၉၄၀ ပေးမည်ဟု ဆော်ဒီဘောလုံးအဖွဲ့ချုပ်က မက်လုံးပေးလိုက်သည်။

ဆော်ဒီဘောလုံးသမားများ စိတ်ဓာတ်တက်ကြွလာစေရန်နှင့် အနိုင်ရလိုမှုပြင်းထန်လာစေရေးအတွက် ယခုကဲ့သို့မက်လုံးပေးခြင်းဖြစ်ကြောင်း ဆော်ဒီဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။ ထို့အပြင် ကမ္ဘာ့ဖလား

ပိုလန် တိုက်စစ်မှူး ဇူရော့စကီ။
(ဓာတ်ပုံ–အင်တာနက်)

ဘောလုံးပြိုင်ပွဲ တစ်ပွဲနိုင်တိုင်း ဘောလုံးသမားတစ်ဦးလျှင် ဆော်ဒီသုံးငွေ ရီယယ်တစ်သိန်းပေးမည်ဖြစ်ကြောင်းလည်း ပြောကြားလိုက်သည်။

စပိန်နှင့်ပွဲတွင်ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချင်ကိုပါဝင်ကစားမည်

အုပ်စု(ဇ) ယူကရိန်းအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် စပိန်အသင်းနှင့်ကစားရမည့်ပွဲတွင် ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချင်ကို ပါဝင်ကစားမည်ဖြစ်သည်။

ရှက်ဗ်ချင်ကိုသည် ဒူးဒဏ်ရာကြောင့် ဘောလုံးပွဲစဉ်အချို့နှင့် လွဲခဲ့ရရာ ယခု ဒဏ်ရာသက်သာပျောက်ကင်းပြီဖြစ်၍ စပိန်နှင့်ပွဲတွင် ပါဝင်ကစားနိုင်တော့မည်ဖြစ်သည်။ ယူကရိန်း အသင်းအတွက် ရှက်ဗ်ချင်ကို ပြန်လည်ပါဝင်ကစားနိုင်ခြင်းမှာ အသင်းအတွက် အလွန်ကောင်းမွန်သောရလဒ်ကို ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ယူကရိန်းနည်းပြက ပြောကြားလိုက်သည်။ ယူကရိန်းအသင်း ချစ်ကြည်ရေးပွဲအဖြစ် ကော့စတာရီကာ၊ အီတလီ၊ လိုက်ဘေးရီးယားတို့နှင့် ကစားသည့်ပွဲများ၌ ရှက်ဗ်ချင်ကို မကစားနိုင်ခဲ့ချေ။

ရာအူးလ်က ဂိုးသွင်းပြီး ဝေဖန်မှုများကိုချေဖျက်မည်

ဇွန် ၁၄ရက် **(ယနေ့)**ကစားမည့် ယူကရိန်းနှင့်ပွဲတွင် စပိန်တိုက်စစ်မှူး ရာအူးလ် ပါဝင်ကစားမည်ဖြစ်ပြီး ၎င်းအပေါ် ဝေဖန်ပြစ်တင်နေမှုများကို ဂိုးသွင်းပြီး ချေဖျက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဒဏ်ရာများနှင့် လုံးပန်းနေရသော ရာအူးလ်သည် ဒူးဒဏ်ရာကြောင့် ပြီးခဲ့သည့် ဘောလုံးရာသီ၌ ရီးယဲမက်ဒရစ်ကလပ်တွင် ငါးဂိုးသာ သွင်းခဲ့သဖြင့် ရာအူးလ်အပေါ် ဝေဖန်ပြစ်တင်မှုများ ဖြစ်ပေါ်ခဲ့သည်။

ရာအူးလ်သည် ဖာနန်ဒိုတောရက်စ်နှင့်ဒေးဗစ်ဗီလာတို့နှင့်အတူတွဲကစားနိုင်ရန် လေ့ကျင့်နေခဲ့ပြီး ယခု အခါ ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေပြီဟု အသက် ၂၈ နှစ်အရွယ် စပိန်တိုက်စစ်မှူး ရာအူးလ်က ပြောကြားလိုက်သည်။

တူနီးရှား တိုက်စစ်မှူး ဂွိမန်ဒီရာ။
(ဓာတ်ပုံ–အင်တာနက်)

တူနီးရှားအသင်းနည်းပြ စာချုပ်အသစ်ချုပ်ဆို

ကမ္ဘာ့ဖလားပြိုင်ပွဲသို့ တူနီးရှားအသင်း ခြေစစ်ပွဲအောင်မြင်ရန် စွမ်းဆောင်ပေးခဲ့သော တူနီးရှားအသင်းနည်းပြ ရိုဂျာလီမာရေးအား ၂၀၁၀ခုနှစ်အထိ နည်းပြအဖြစ် ဆက်လက် တာဝန်ယူရန် တူနီးရှားဘောလုံးအဖွဲ့ချုပ်က မေတ္တာရပ်ခံချက်ကို ရိုဂျာလီမာရေးကလက်ခံကာ ဇွန် ၁၂ ရက်၌ စာချုပ်အသစ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

အသက် ၆၄ နှစ်အရွယ်ရှိ လီမာရေးသည် တူနီးရှားအသင်းကို ၂၀၀၂ခုနှစ်က စတင်ကာ နည်းပြအဖြစ် တာဝန်ယူခဲ့ပြီး ၂၀၀၄ အာဖရိကဖလားဘောလုံးပြိုင်ပွဲနောက်ဆုံးအဆင့်အထိ ပို့ဆောင်ပေးနိုင်ခဲ့သလို ၂၀၀၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ အောင်မြင်အောင်လည်း ဆောင်ရွက်ပေးခဲ့သည်။

ပိုလန်တိုက်စစ်မှူး ဇူရော့စကီအား ထည့်သွင်းကစားရန် စဉ်းစားနေ

ဂျာမနီနှင့်ကစားမည့်ပွဲ၌ ပိုလန်တိုက်စစ်မှူး ဇူရော့စကီအား ထည့်သွင်းကစားရန် ပိုလန်ဘောလုံးအဖွဲ့ချုပ် အကြံပေးအဖွဲ့က နည်းပြ ပါဝဲလ်ဂျနက်စ်ကို အကြံပြုလိုက်သည်။ ပိုလန်သည် အီကွေဒေါကို ပထမပွဲစဉ်၌ ရှုံးနိမ့်ခဲ့ရာ ယခုဂျာမနီနှင့်ပွဲမှာ အရေးကြီးသည့်ပွဲဖြစ်သဖြင့် တိုက်စစ်မှူးဇူရော့စကီ ထည့်သွင်းကစားရန် လိုအပ်ကြောင်း ပြောကြားသည်။ နည်းပြ ပါဝဲလ်ဂျနက်စ်က ဇူရော့စကီကို အနိုင်ရလိုမှုစိတ်ဓာတ် နည်းပါးသဖြင့် မထည့်သွင်းလိုကြောင်း သိရသည်။ ။

* **ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်၌ ညလုံးပေါက် ဆူပူသောင်းကျန်း အပျော်လွန်ခဲ့သူ ၂၀ကျော်ကို ဂျာမနီရဲတပ်ဖွဲ့ ဖမ်းဆီး။**

* **အင်္ဂလန်အသင်း ပါရာဂွေးနှင့်ကစားသည့် နေ့က လန်ဒန်တွင် ရမ်းကားသူ ဘောလုံးပရိသတ် ၂၀၀ ခန့် အချင်းချင်းခိုက်ရန်ဖြစ်ပွားရာ ဒဏ်ရာများရရှိခဲ့။**

* **အင်္ဂလန်ဂိုးသမား ပေါလ်ရော်ဘင်ဆင် ကန်ချက်ကြောင့် တန် ၃၀ လေးသော တီဗွီဖန်သားပြင်အား ထိမှန်သွား။** (ကိုးကား–အင်တာနက်)

တင်ပြသူ မောင်မောင်မြင့်ဆွေ

ကမ္ဘာ့ဖလား သတင်းဂယက်

ကမ္ဘာ့ဖလားအုပ်စုပွဲများ အကြိတ်အနယ် ယှဉ်ပြိုင် ဩစတြေးလျ၊ ချက်နှင့် အီတလီအသင်းတို့ သုံးမှတ်စီရ

စုစည်းတင်ပြသူ မြင့်မောင်စိုး

မြူးနစ် ဇွန် ၁၃

၂၀၀၆ ကမ္ဘာ့ဖလားအုပ်စု ပွဲစဉ်များကို ဇွန် ၁၂ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အုပ်စု (စ)မှ ဩစတြေးလျအသင်းက ဂျပန်အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် လည်းကောင်း၊ အုပ်စု(င)မှ ချက်အသင်းက အမေရိကန်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊အုပ်စု(င)မှ အီတလီက ဂါနာအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အသီးအသီး အနိုင်ရရှိခဲ့သည်။

တတိယဂိုး

ည ၇ နာရီခွဲပွဲတွင် ဩစတြေးလျအသင်းနှင့်ဂျပန်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂျပန်အသင်းအတွက်

ချက်အသင်းနှင့် အမေရိကန်အသင်းတို့ ယှဉ်ပြိုင် ရာ တွင် အမေရိကန်အသင်းမှ ဘေစလီ ဘောလုံးဆွဲ ထုတ် ရန် ကြိုးစားစဉ် ချက်အသင်းမှ ဂျန်ကူလော့ဗ် စ ကီး ဟန့်တားစဉ်။
(ဓာတ်ပုံ–အင်တာနက်)

နာကာမူရာက ဦးဆောင်ဂိုးသွင်းပေးခဲ့သော်လည်း ဩစတြေးလျအသင်းက ပွဲချိန် ၅၂ မိနစ်တွင် လူစားဝင်လာသူ တင်ကာဟေးလ်က နှစ်ဂိုးဆက်တိုက်သွင်းပြီး ချေပလိုက်သည်။ ပွဲသိမ်းလောက်ချိန်တွင် အလွိုင်စီက ဩစတြေးလျအသင်းအတွက် တတိယဂိုး သွင်းယူခဲ့သည်။

နှစ်ဂိုးစီသွင်းထား

ယင်းပွဲစဉ်တွင် တင်ကာဟေးလ်က အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် နှစ်ဂိုး သွင်းယူထားသော စတုတ္ထမြောက် ဘောလုံးသမားဖြစ်လာသည်။ ၎င်းအရင်ပွဲများတွင် ဂျာမနီမှ ကလိုဆေး၊ မက္ကဆီကိုမှ အိုမာဘရာဗိုနှင့် ကော့စတာရီကာမှ ပေါ်လိုဝမ်ချော့ပ်တို့က နှစ်ဂိုးစီသွင်းထားကြသည်။

ည၁၀နာရီခွဲပွဲအဖြစ် အမေရိကန်အသင်းနှင့် ချက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပွဲစပြီး ငါးမိနစ်အကြာတွင် ချက်အသင်းမှ ဂရိုင်ဂျီရာ ဂိုးရှေ့သို့ အနေတော် ဖြတ်ပို့လိုက်စဉ် ဂျန်ခိုလ်လာက ခေါင်းတိုက်သွင်းယူလိုက်သည်။ ဂျန်ခိုလ်လာသည် ပထမပိုင်းပွဲပြီးခါနီးတွင် ဒဏ်ရာရပြီး ပြိုင်ပွဲမှ ထွက်သွားရသည်။

ပွဲချိန် ၃၆ မိနစ်တွင် ချက်အသင်း တိုက်စစ်မှူးများက အကွက်ဆင် ကစားပြီး ရိုဆစ်စကီးက ကိုက် ၃၀ အကွာမှ အမှတ်မထင် အရှိန်ပြင်းစွာ ကန်သွင်းလိုက်ရာ ဂိုးဝင်သွားခဲ့သည်။

ဩစတြေးလျနှင့်ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဩစ အလွိုင် စီ၏ တတိယဂိုး သွင်း ယူ မှု ကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပြန်ထွက်

ဒုတိယပိုင်းတွင် ရိုဆစ်စကီးကပင် တတိယမြောက်ဂိုး သွင်းယူနိုင်ခဲ့သည်။ ၎င်းသည် ကမ္ဘာ့ဖလားတွင် နှစ်ဂိုးသွင်းယူသည့် ပဉ္စမမြောက်ကစားသမားဖြစ်လာသည်။ ချက်အသင်းတိုက်စစ်မှူး ဂျူဗင်တပ်စ် ကစားသမား ပေဗယ်နက်ဗက် အထူးခြေစွမ်းပြကစားနိုင်ခဲ့သည်။ အမေရိကန် အသင်းခေါင်းဆောင် ရေးနား၂၅ ကိုက်အကွာမှ ကန်သွင်းချက်မှာ တိုင်ထိပြီး ပြန်ထွက်လာခဲ့သည်။

အဆိုပါ ပွဲစဉ်၌ အကောင်းဆုံး ဘောလုံးသမားဆုကို ချက်အသင်းမှ ရိုဆစ်စကီးက ဆွတ်ခူးရရှိခဲ့သည်။

အီတလီနှင့် ဂါနာအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဂါနာဂိုးဧရိယာအတွင်း ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။
(ဓာတ်ပုံ–အင်တာနက်)

ဒုတိယမြောက်ဂိုးသွင်းယူ

နံနက် ၁ နာရီခွဲပွဲတွင် အီတလီနှင့် ဂါနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်ဒရီယာပီယာလိုက ပထမပိုင်းပြီးရန် ငါးမိနစ်အလိုတွင် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ အီတလီအသင်းအတွက် ဒုတိယမြောက်ဂိုးကို လူစားဝင်လာသူ အာကွင်တာက သွင်းယူခဲ့ခြင်းဖြစ်သည်။

ခြေစွမ်းပြ

ပီယာလိုသည် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ခြေစွမ်းပြ ကစားနိုင်ခဲ့မှုကြောင့် အကောင်းဆုံးဘောလုံးသမားဆု ရရှိခဲ့သည်။

စံချိန်တင်

အီတလီအသင်းသည် အဖွင့်ပွဲစဉ်တွင်ကစားသမားကောင်းများဒဏ်ရာရ အထိမနာစေရန်အတွက် တော့တီ၊ တိုနီနှင့် ဂျီလာဒီနိုတို့အား လဲကစားခဲ့သည်ကို တွေ့ရသည်။ ယခုအခါ အီတလီအသင်းသည် နိုင်ငံတကာပွဲပေါင်း ၁၉ ပွဲ ရှုံးပွဲမရှိ စံချိန်တင်ထားသည်။ ။ **(အင်တာနက်)**

မန္တလေးမြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အဖွဲ့ သာသနာရေးဆိုင်ရာများအတွက် ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်း

မန္တလေး ဇွန် ၄

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင်ဦးမြင့်သိန်း၊ ဦးကျော်ဝင်း၊ ဦးစောလွင်နှင့် ဌာနမှူးများလိုက်ပါလျက် မေ၂၈ရက် နံနက်၁၀ နာရီခွဲက မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင်ဆရာတော်၊ မန္တလေးတိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ (သုဓမ္မာ)ဆရာတော်နှင့် မစိုးရိမ်တိုက်သစ်နာယကချုပ် ဆရာတော်တို့အား သွားရောက်ဖူးမြော်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များအတွက် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းမှုဆိုင်ရာများ လျှောက်ထားတင်ပြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တအဂ္ဂိယအား ဖူးမြော်ပြီး သင်္ကန်းနှင့်ပစ္စည်းလေးပါးဆက်ကပ်လှူဒါန်း၍ သြဝါဒ ခံယူသည်။ **(ဝဲပုံ)**

သြဝါဒခံယူ

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မြတောင်ကျောင်းတိုက်သို့သွားရောက်ပြီး မန္တလေးတိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(သုဓမ္မာ)အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သာသနာဘိဝံသအား ဖူးမြော်ပြီးသင်္ကန်းနှင့် ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်းကာ သြဝါဒခံယူသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် မစိုးရိမ်တိုက်သစ် နာယကချုပ် ဆရာတော်အား သွားရောက်ဖူးမြော်ရာ ဆရာတော်ပြည်ပသာသနာပြုခရီးကြွရောက်နေသဖြင့် ဆရာတော်ကိုယ်စား နာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလာ ဘိဝံသထံ သင်္ကန်းနှင့်ပစ္စည်းလေးပါး ဆက်ကပ်လှူဒါန်းပြီး သြဝါဒ ခံယူခဲ့ကြောင်း သိရသည်။

(က–ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်မောင်းတို့ မေ၂၈ရက်က ရွှေဘို–မန္တလေးမြို့ဝင်မုခ်ဦးရှိ မြေယာရှုခင်းအလှပြုပြင်ခြင်းကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်

ခင်ဦး ဇွန် ၁

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းပြီး ခင်ဦးမြို့နယ်သို့ ဝတ်စုံများ ပေးအပ်ပွဲနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို မေ၈ရက် နံနက်၁၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ဝတ်စုံပေးအပ်

ရှေးဦးစွာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ဝေဝေခိုင်က မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝတ်စုံငါးစုံပေးအပ်ပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့သို့ အမျိုးသမီးရေးရာဝတ်စုံငါးစုံကို ပေးအပ်သည်။

အဆိုပြုလွှာပေးအပ်

ထို့နောက် အဆိုပြုလွှာပေါင်း ၃၇၀၉စောင်ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် မြို့နယ်ပညာရေးမှူး ဒေါ်မိုးသန်းက တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်သို့ပေးအပ်ပြီး အဖွဲ့ဝင်ကတ်ပြားနှင့် တံဆိပ်များကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုမြင့်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်ထံ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် ဓာတ်စေတီဘုရားလမ်းတွင်တည်ဆောက်သော ကိုယ့်အားကိုယ်ကိုး အုတ်ခုံသံကူကွန်ကရစ်တံတားဖွင့်ပွဲကို ဇွန်၃ရက်က အဆိုပါ မုခ်ဦးထိပ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးဟန်နှင့် ဦးရာဂျ်ကပူရ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပညာရေးထောက်ပံ့ပစ္စည်း ပေးအပ်လှူဒါန်း

ကော့သောင်း ဇွန် ၅

ကော့သောင်းခရိုင် ကော့သောင်း မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ၂၈ရက် နံနက် ၉နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြတ်ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အလှူရှင်များ ထောက်ပံ့မှုဖြင့် ကျောင်းနေသော ကျောင်းသား ကျောင်းသူများအား ငွေကျပ်ရှစ်သိန်းတန်ဖိုးရှိ ပညာရေးထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက အလှူရှင်များသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မောင်တောမြို့ ဝိမလလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းကို မေ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ်
နယုန်လပြည့်ကျော်(၅)ရက်
၁၅–၆–၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ရွှေဘိုခရိုင် စက်မှုလယ်ယာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) တရားအားထုတ်ခြင်းအကြောင်း သိကောင်းစရာများ(ကျော်ဇေယျ)
(၂) ကျန်းမာသက်ရှည် ဆေးနည်းဆေးပင်များ (စေတနာလှိုင်–ရေစကြို)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ကလေးသူငယ်များ ကိုယ်စိတ်ကျန်းမာဖွံ့ဖြိုးရေးအကြောင်း–မောင်ဆုရှင်)

၁၂း၃၀ အစာနှင့် အာဟာရ(သရက်သီး)

ညနေပိုင်း

၁၆း၃၀ **၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတကမ္ဘာ

၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) စံပယ်လှလှပန်ပြပါ
(၂) စံပယ်တွေပွင့်နေသမျှ

၁၈း၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (သူ့အားသူ့မာန်)

၁၉း၄၀ ခေတ်မရွေးသော တေးများ
(၁) သည်နွေမိုးဆောင်းပြောင်းသော်လည်း
(၂) မေတ္တာမိုးများ စွေလေလျှင်
(၃) ချစ်အားငယ်ရသူမယ်

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) လန်းလန်းလှလှ ကြူကြူလွင်လွင်
(၂) အသည်းလေးနုနယ်ရိုင်း
(၃) အချစ်ဆိုတဲ့လိပ်ပြာတလေ

အုတ်ဖိုမြို့ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်း အခမ်းအနားကို မေ၂၈ရက်က အုတ်ဖိုမြို့ မိုးညိုတန်းရပ်ကွက် ချမ်းမြသာမြေအလကကျောင်းဝင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဒုတိယရဲမှူး အောင်ဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွေး၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးချမ်းအောင်နှင့် ဆရာဆရာမများက ခြံစည်းရိုး ကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

လှိုင်ကော် ဇွန် ၁

ကယားပြည်နယ် လှိုင်ကော်မြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးပွဲ အခမ်းအနားကို မေ၁၉ရက် နံနက်၉နာရီက လှိုင်ကော်မြို့ ဒေါပေါ်ကလဲကျေးရွာအုပ်စု ထေးငှားလျားကျေးရွာ လင်းအရဏ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် စာဖတ်ပရိသတ်များ တိုးပွားလာအောင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်း အမှတ် ၇၄ နေ ဦးစံထွန်း-ဒေါ်နွဲ့နွဲ့ဦး မိသားစုတို့က အထွေထွေ ပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ တပ်ကုန်းမြို့၌ကျင်းပ

တပ်ကုန်း ဇွန် ၅

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို မေ ၃၀ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝေက အမှာစကားပြောကြားပြီး အထက(၁)၊အထက(၂)၊ မြို့မအလယ်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူ ခုနစ်ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီနီအေးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၂၆၆)**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသော ၂၀၀၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၀ ရက်က ညောင်လေးပင်မြို့ အာဇာနည်လမ်းကျောင်း၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးအောင်ဝင်းသိန်းနှင့် အဖွဲ့ဝင်များ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၃၄)

စုပေါင်းပျိုးထောင်

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ မေ ၅ ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ခါစည်းရိုးကြက်ဆူပင် တစ်သိန်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့်အတူ စုပေါင်းပျိုးထောင်ကြစဉ်။ (မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံ အလှူရှင်များပစ္စည်းနှင့် ငွေများလှူဒါန်း

သံဖြူဇရပ် ဇွန် ၉

၂၀၀၆-၂၀၀၇ ခု ပညာသင်နှစ် သံဖြူဇရပ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနှင့် ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ စုပေါင်းပေးအပ်ပွဲအခမ်းအနားကို မေ ၂၈ရက်က သံဖြူဇရပ်မြို့ အထက(၁) ပညာ့ဗိမာန်ခန်းမဆောင်တွင် ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ပညာရေးမှူးကိုယ်စား လက်ထောက်ကြီးကြပ်ရေးမှူး ဦးကျော်ဇင်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရှိ အသင်းအဖွဲ့အစည်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ မြို့နယ်အတွင်းရှိကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ်တွင် မြို့နယ်အတွင်းရှိကျောင်းများသို့ ကျောင်းအပ်နှံမှုအခြေအနေများကို မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးက ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးစေတနာရှင် စုစုပေါင်း ၁၅ဦးတို့က ထောက်ပံ့သော ပစ္စည်းများနှင့် အလှူငွေ စုစုပေါင်း ငွေကျပ် ၂၉ သိန်းကျော်ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးက လက်ခံရယူသည်။ **(မြို့နယ် ပညာရေး)**

စာကြည့်တိုက်ပညာ အလုပ်ရုံဆွေးနွေး စာအုပ်များ စနစ်တကျမှတ်တမ်းတင်

ယင်းမာပင် ဇွန် ၄

စာကြည့်တိုက်ပညာ အလုပ်ရုံ ဆွေးနွေးပွဲကို မေ ၂၀ ရက်က ယင်းမာပင်မြို့ ရွာသာယာကျေးရွာ ကျေးလက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သောင်းသောင်းဝင်းက အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြဝင်းကြည်က စာကြည့်တိုက် ရေရှည်တည်တံ့ရေးကို လည်းကောင်း၊ စာထောက် (၃)ဒေါ်ခင်ဝင်းကြည်က စာအုပ်များ စနစ်တကျ မှတ်တမ်းတင် ထားရှိရေး ဆောင်ရွက်မှုကို လည်းကောင်း ဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လံစေတီ ပရိဝုဏ်အတွင်း တည်ဆောက်ပြုပြင်မှုလုပ်ငန်းအတွက် မေ ၅ ရက်က မိခင် ဒေါ်အိမ္မွေးအားရည်စူး၍ မော်လမြိုင်မြို့ အောက်လမ်းမကြီး အမှတ်(၁၄၀/ဘီ)နေ ဦးတင်ခိန်း-ဒေါ်သိန်းကင်း မိသားစုက ငွေကျပ် ခုနစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

ဝမ်းလျှော ဝမ်းပျက်ရောဂါ ကာကွယ်ကုသပါ

၁။ ဝမ်းလျှောဝမ်းပျက်ရောဂါသည် ကူးစက်ရောဂါဖြစ်သည်။ ရောဂါပိုးများသည် ရောဂါဖြစ်ပွားနေသူ၏ ဝမ်းနှင့် အန်ဖတ်များတွင်ပါရှိသည်။ ရောဂါပိုးများပါဝင်သည့် ရေနှင့်အစားအစာများကို စားသောက်မိခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားသည်။

၂။ အစားအသောက်များသည် အောက်ပါအကြောင်းအချက်များကြောင့် ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

- အစားအသောက်များပေါ်သို့ ယင်အုံ ယင်နားခြင်း၊
- အစားအသောက်ထည့်သည့် အိုးခွက်ပန်းကန်များကို မသန့်ရှင်းသည့် ရေဖြင့် ဆေးကြောအသုံးပြုခြင်း၊
- မသန့်ရှင်းသည့်လက်ဖြင့် အစားအသောက်များကို ကိုင်တွယ်ချက်ပြုတ်ပြင်ဆင်ခြင်း၊
- မသန့်ရှင်းသည့် အိုးခွက်ပန်းကန်ဖြင့် ချက်ပြုတ်ပြင်ဆင်သိမ်းဆည်းခြင်း။

၃။ သောက်သုံးရေများသည် အောက်ပါအကြောင်းများကြောင့် ညစ်ညမ်း၍ ရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်သည်။

- သောက်သုံးရေအဖြစ်အသုံးပြုသည့် ရေတွင်းရေကန်များအတွင်းသို့ ပြင်ပမှ ညစ်ညမ်းသည့်ရေများ စီးဝင်ခြင်း၊
- ရေတွင်းရေကန်များထဲသို့ မသန့်ရှင်းသည့် ရေခွက်၊ ရေပုံးများဖြင့် ခပ်ယူခြင်း၊
- သောက်သုံးရေတွင်း၊ ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်း၊
- သောက်သုံးရေတွင်း၊ရေကန်များသည် အိမ်သာ၊ အညစ်အကြေးစွန့်ရာနေရာစသည်တို့နှင့် နီးကပ်စွာတည်ရှိခြင်း၊ ပို၍နိမ့်သည့်နေရာတွင်ရှိခြင်း၊
- သောက်သုံးရေတွင်း၊ရေကန်များအနီးသို့ ကျွဲ၊ နွား၊ ခွေးစသည့် တိရစ္ဆာန်များဝင်ရောက်ခြင်း။

၄။ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်

- သောက်သုံးရေတွင်း၊ရေကန်များအနီးနှင့် မြင့်သောနေရာတွင် အိမ်သာဆောက်ခြင်း၊ မစင်စွန့်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
- သောက်သုံးရေတွင်း၊ရေကန်များအနီးတွင် ရေချိုးခြင်း၊ အဝတ်လျှော်ခြင်းမပြုပါနှင့်၊
- ရေတွင်း၊ ရေကန်များထဲသို့ တစ်ဦးချင်းသယ်ဆောင်လာသည့် ရေပုံး၊ ရေခွက်များနှင့် မခပ်ပါနှင့်၊ ရေခပ်ယူရန်လိုအပ်ပါက ရေတွင်း၊ ရေကန်အနီးတွင် သန့်ရှင်းသော ရေခွက်၊ ရေပုံး သီးသန့်ထားရှိပါ၊
- ရေကို ကျိုချက်၍သောက်ပါ၊
- သန့်ရှင်းလတ်ဆတ်သည့် အစားအစာများကိုစားပါ၊
- အစားအစာများကို ယင်မနားအောင်ဖုံးအုပ်ထားပါ၊ ယင်နားစာများ မစားပါနှင့်၊
- အစားအစာများကို မကိုင်တွယ်မီ လက်ကိုရေနှင့်ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
- အစားအစာများထည့်သည့် အိုး၊ ခွက်၊ ပန်းကန်များကို သန့်ရှင်းသည့် ရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင်ဆေးကြောပါ၊
- ယင်လုံအိမ်သာ အသုံးပြုပါ၊
- အိမ်သာမှဆင်းတိုင်းနှင့် မစင်၊ အန်ဖတ် စသည်တို့ကို ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုရေနှင့် ဆပ်ပြာသုံး၍ စင်ကြယ်အောင် ဆေးကြောပါ။

၅။ အကယ်၍ ဝမ်းလျှော ဝမ်းပျက်ရောဂါဖြစ်ပွားပါက ဓာတ်ဆားရည်ကို အညွှန်းအတိုင်းတိကျစွာဖျော်၍သောက်ပြီး နီးရာဆေးရုံဆေးခန်းတွင် ဆောလျင်စွာပြသကုသမှုခံယူပါ။ မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် သတိပြုကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

လင်းခေးမြို့ ပုန်းထွန်ရေပြွန်တံတား ခရိုင်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး ဒါးဆိပ်မြစ်ရေတင်စီမံကိန်း နွေစပါးနှင့် မြေပဲစိုက်ပျိုးရန်ရေဖြန့်ဝေ

လင်းခေး ဇွန် ၁

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းသည် မေ ၁၀ရက်က မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က တာဝန်ယူဆောက်လုပ်ပြီးစီးသော လင်းခေးမြို့ မြို့ရောင်လမ်း ပုန်းထွန်ရေပြွန်တံတားအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌဦးတင်စိုးနှင့် တာဝန်ရှိသူများက တံတားနှင့်ပတ်သက်သောအချက်အလက်များ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းသည် ပြည်သာယာလမ်း၌ ရေနုတ်မြောင်းတူးဖော်ထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီးနောက် လင်းခေးမြို့ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ ဒါးဆိပ်မြစ်ရေတင်မှ မြစ်ရေတင်စက်ဖြင့် ရေတင်ပေးဝေနေမှု အခြေအနေနှင့် ၎င်းမြစ်ရေတင်မှုရရှိသောရေဖြင့် ဒါးဆိပ်ကျေးရွာ တောင်သူများ၏ နွေစပါး ၁၅ဧကသို့ ရေဖြန့်ဝေပေးနေမှုနှင့် ရေရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

လင်းခေး ဒါးဆိပ်မြစ်ရေတင်စီမံကိန်းမှ လင်းခေးမြို့နယ် ဒါးဆိပ်၊ ပင်ထနောင်းကျေးရွာရှိ နွေစပါးလယ်မြေ ၁၅ ဧက၊ နွေနှမ်းနှင့် မြေပဲစိုက်ပျိုးဧက ၂၅၀ တို့အား ရေရရှိအောင် ဖြန့်ဖြူးပေးဝေလျက်ရှိသည်။

(မြို့နယ် ပြန်/ဆက်)

မုဒုံမြို့ ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် ဦးစံမွေး အားရည်စူး၍ ဒေါ်ခင်ကြည် မိသားစုတို့က ငွေကျပ်နှစ်သိန်းငါးသောင်းကို ဇွန် ၉ရက် က ပေးအပ်လှူဒါန်းရာ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာတင်ဌေးက လက်ခံယူစဉ်။ (မြို့နယ်ကျန်းမာရေး)

မြို့နယ် သတင်းများ

မိုးညှင်း၌ စာပေလုပ်ငန်းဆိုင်ရာစည်းဝေး

မိုးညှင်း ဇွန် ၅

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စာပေလုပ်ငန်းဆိုင်ရာ အစည်းအဝေးကို မေ ၂၆ရက် မွန်းတည့်၁၂နာရီက မိုးညှင်းမြို့နယ် အောင်သပြေသုတအလင်း စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်(မိုးအောင်–ကချင်မြေ)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် မိုးညှင်းမဂ္ဂဇင်းအမှတ်(၄) ထုတ်ဝေရေးနှင့် မိုးညှင်းပြက္ခဒိန် ၂၀၀၇ထုတ်ဝေရေးအတွက် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြသည်။ **(၁၅၂)**

ပင်လည်ဘူးမြို့နယ်ကြက်ခြေနီအသင်းကြီးမှူး ရှေးဦးသူနာပြုသင်တန်းဖွင့်

ပင်လည်ဘူး မေ ၂၅

ကသာခရိုင် ပင်လည်ဘူးမြို့နယ်ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံဆင့်ရှေးဦးသူနာပြုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁ရက် နံနက် ၁၀နာရီက အခြေခံပညာအထက်တန်းကျောင်း အောင်မြတ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးကျော်ဆွေက အမှာစကားပြောကြားပြီး လက်ထောက်ဆရာဝန် ဒေါက်တာကျော်စည်သူက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ကြက်ခြေနီတပ်ရင်းမှူးဒုတိယရဲမှူးထွန်းမောင်က တပ်ဖွဲ့၏စည်းမျဉ်း စည်းကမ်းများ လိုက်နာဆောင်ရွက်ကြရန်ကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကိုရဲ–မထားထားဟန်(ရွှေသန်လျှင်)နှင့် မုဒိတာမြန်မာဆိုင်တို့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်က လက်ခံယူစဉ်။ (က–ပ)

ယဉ်ကျေးမှုသင်တန်းဆင်းပွဲ ကလေးဝ၌ကျင်းပ ကျောင်းစိမ်းဝတ်စုံနှင့်ဗလာစာအုပ်များ ပေးအပ်ချီးမြှင့်

ကလေးဝ ဇွန် ၂

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ယဉ်ကျေးမှုသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉နာရီက ကလေးဝမြို့အမှတ်(၂)ရပ်ကွက် တောရကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ တောရကျောင်းတိုက်နာယက ဆရာတော်က ဩဝါဒစကားမြွက်ကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသိန်းထွန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသိန်းထွန်းက သင်တန်းတွင် ပထမ၊ ဒုတိယ၊တတိယဆု ရရှိသူများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှလှဝင်းက ထူးချွန်စွာ အောင်မြင်သည့် သင်တန်းသား ၁၀ဦးအား ကျောင်းစိမ်းဝတ်စုံနှင့် ဗလာစာအုပ်များ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကသာမြို့အမှတ် (၁၀)ရပ်ကွက် သဖန်းကိုင်းလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ပေ ၁၁၀၀ ခင်းရန် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေကို မေ ၂၃ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့်လမ်းဖြစ်မြောက်ရေးကော်မတီတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် စည်ပင်)

တောင်တွင်းကြီး၌ကျန်းမာရေးပညာပေး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

တောင်တွင်းကြီး ဇွန် ၃

ဆေးတက္ကသိုလ် (၁) ရန်ကုန် နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသူကျောင်းသား၁၅ဦးတို့သည် ဒေါက်တာချိုနိုင်ထွန်း ခေါင်းဆောင်၍ မေ ၁၄ ရက်က တောင်တွင်းကြီးမြို့ ကျန်းမာရေးဦးစီးဌာနသို့ ရောက်ရှိပြီး မြို့နယ်အတွင်းရှိ ဆတ်သွားကျေးလက် ဆေးခန်းခွဲနှင့် ဖျောက်ဆိပ်ကုန်း ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ပူးပေါင်း၍ ကျန်းမာရေးပညာပေး ဟောပြောခြင်း၊ ဆေးကုသပေးခြင်း၊ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ငှက်ဖျား၊ ဆင်ခြေထောက်၊ တီဘီ၊ ကိုယ်ရေပြားရောဂါ၊ မျက်ခမ်းစပ်ရောဂါများနှင့်ပတ်သက်၍ လုပ်ဆောင်မှုများကို ဆွေးနွေးခြင်း၊ မထီ စံပြကျေးရွာအုပ်စုတွင် ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စိတ်ပါဝင်စားစွာ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(၁၈၉)

ဥကပ်နေသောရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၂/ ၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း၊အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ပွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါ ဥကပ်နေသော သို့မဟုတ် ဥနှင့် ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ပွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်းရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသောရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအား မြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော သို့မဟုတ် ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်း၊သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၉၂ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊ ၄၄၊၄၅ပါ ပြဋ္ဌာန်း ချက်များအရ တရားစွဲဆို အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

မြေယာရှုခင်း အလှပြုပြင်

မိုင်းဆတ် ဇွန် ၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ မိုယ်ဆွမ်တောင်ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးဘေးရှိ တြိဂံအုတ်ခုံတွင် ပေါင်းမြက်များရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ ပြန်လည်အလှဆင်မွမ်းမံခြင်းတို့ကို မေ ၂၇ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးတင့်ဝေနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(ယာပုံ) (မြို့နယ်စည်ပင်)

ဒေါင်းတော်ယိုးစိုက်ပျိုးထုတ်လုပ်ရေးသမအသင်း ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ကျောက်တော် ဇွန် ၁

ကျောက်တော်မြို့နယ် ဒေါင်းတော်ယိုး စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို မေ ၂၀ရက် နံနက် ၈နာရီက ဒေါင်းတော်ယိုး စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်ရုံးရှေ့တွင် ကျင်းပသည်။

စုပေါင်းစိုက်ပျိုးပွဲသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစောမောင်နှင့် တာဝန်ရှိသူများ၊ လမ်းမတော်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ ဒေါင်းတော်ယိုးစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဦးမောင်စောယဉ်၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသားများ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင် ကိုင်းဖြတ်ပျိုးပင်ပေါင်း အပင် ၁၀၀၀ကို အတန်းလိုက်မြေကျင်းတူး စိုက်ပျိုးကြပြီး အသင်းရှိပျိုးဥယျာဉ်တွင်လည်း မျိုးစေ့ ၂၀၀၀ ကျော်ကို စိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြေလွတ်မြေရိုင်းများ ဖော်ထုတ်ပြီး စိုက်ကောတိုးရန် ကြိုးပမ်းငါး၊ ပုစွန်နှင့် ဒေသကြက်များ တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်မွေးမြူခြံစည်းရိုးကြက်ဆူပင် သုံးနှစ်အတွင်း ဧက ငါးသိန်းစိုက်ပျိုးရေး ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေမြို့ အမှတ်(၁) ကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ရေး လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၁၁ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် နံနက် ၇ နာရီ ၄၅ မိနစ်တွင် စစ်တွေမြို့သို့ ရောက်ရှိရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စစ်တွေလေဆိပ်တွင် ကြိုဆိုကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ❐

နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေး ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်လို မန်စီမြို့နယ် NLD ပါတီဝင် ခုနစ်ဦးတို့ စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၁၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင် ခုနစ်ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့အကြောင်းကြားခဲ့သည်။

အဆိုပါ မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်လွှာပေးအပ်သူ ပါတီဝင် ခုနစ်ဦးတို့သည် ၎င်းတို့၏ နုတ်ထွက်လွှာများကို မေ ၁၃ ရက် နံနက် ၁၀ နာရီတွင် မန်စီမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ *စာမျက်နှာ ၉ ကော်လံ ၁* ■

အာရှသားတောင်ကိုရီးယားတို့ တိုဂိုအသင်းကို အနိုင်ယူ

သတင်းမှတ်တမ်း - ကိုထွေး

ရန်ကုန် ဇွန် ၁၃

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဆ)ပွဲစဉ်များကို ယနေ့မြန်မာစံတော်ချိန် ည ၇နာရီခွဲက ဖရန့်ဖတ်မြို့ရှိ Commerzbank Arenaအားကစားကွင်း၌ ကျင်းပရာ တောင်ကိုရီးယားအသင်းက တိုဂိုအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အာရှတိုက်မှ အီရန်အသင်းနှင့် ဂျပန်အသင်းတို့ အရှုံးနှင့်ရင်ဆိုင်ရသော်လည်း တောင်ကိုရီးယားအသင်း အနိုင်ရရှိ၍ ပွဲဦးထွက် မျက်နှာပန်းလှသွားရသည်။ ပထမပိုင်း၌ တိုဂိုအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် တောင်ကိုရီးယားအသင်းက ချေပဂိုးနှင့်အနိုင်ဂိုးများသွင်းယူနိုင်ခဲ့သည်။ တိုဂိုအသင်းအတွက် ဦးဆောင်ဂိုးကို ၃၁ မိနစ်တွင် မိုဟာမက်ကာဒ်ဒါက သွင်းယူပေးခြင်းဖြစ်သည်။

ထုတ်ပယ်ခြင်းခံရ

ဒုတိယပိုင်းတွင် တောင်ကိုရီးယားအသင်း ချေပဂိုးရရှိရေးအတွက် တင်ကစားလာရာ တိုဂိုအသင်းဘက်သို့ ထိုးဖောက်ကစားနိုင်ခဲ့သည်။ တောင်ကိုရီးယားအသင်းအတွက် *စာမျက်နှာ ၁၁ ကော်လံ ၁* ✡

ယနေ့ကမ္ဘာ့ဖလားပွဲနှင့် သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိရာ ယနေ့ကစားမည့်ဘောလုံးပွဲစဉ်များနှင့်ပတ်သက်၍ အမြင်များကို ဆက်လက်ဖော်ပြလိုက်ပါသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးသမား လွင်ဦး

- **တူနီးရှားနဲ့ ဆော်ဒီပွဲက ခြေသိပ်မကွာဘူး။ ပွဲရလဒ်လည်း မပြတ်နိုင်ဘူးထင်တယ်။ ဆော်ဒီခြေကိုကြိုက်ပေမယ့် တူနီးရှားကိုလည်း လျှော့တွက်လို့မရဘူး။ ဆော်ဒီ အလေးသာနိုင်ပါတယ်။**
- **စပိန်နဲ့ ယူကရိန်းပွဲစဉ်မှာတော့ စပိန်တို့က ခြေသာပါတယ်။ အနိုင်လည်းရမှာပါ။ ယူကရိန်းမှာ ရှက်ဗ်ချင်ကိုပြန်ကစားမယ်ဆိုပေမယ့် ဒဏ်ရာပြန်ကောင်းခါစဆိုတော့ အင်အားပြည့် မကစားပါဘူး။ အတွေ့အကြုံပိုင်းမှာ စပိန်တို့ဘက်က သာပါတယ်။ စပိန်နိုင်ဖို့ များပါတယ်။**
- **ဂျာမနီနှင့်ပိုလန်ပွဲကတော့ ဂျာမနီကို ပိုလန်မယှဉ်နိုင်ပါဘူး။ ဂျာမနီတို့ ဂိုးသွင်းစွမ်းရည်ရှိတော့ ဂိုးလည်းရမှာပါ။ ဒါပေမယ့် ဂိုးတော့မပြတ်နိုင်ဘူးထင်တယ်။ ဂျာမနီတို့ အနိုင်ရမယ့်ပွဲပါ။**

သရုပ်ဆောင် ရာဇာနေဝင်း

- **တူနီးရှားနဲ့ဆော်ဒီပွဲမှာ ဆော်ဒီအသင်းအနိုင်ရမယ်။ တူနီးရှားအသင်းကောင်းပေမယ့် ဆော်ဒီကို ပိုကြိုက်တယ်။ ကျွန်တော့်အကြိုက်ကတော့ ဆော်ဒီအသင်းပဲ။ ဆော်ဒီနိုင်မယ်။**
- **စပိန်နဲ့ ယူကရိန်းပွဲကတော့ စပိန်တို့က အဘက်ဘက်က သာပါတယ်။ အသင်းလိုက်၊ တစ်ဦးချင်း၊ အတွေ့အကြုံ ဘယ်လိုမှမယှဉ်နိုင်ဘူး။ ယူကရိန်း စပိန်ကိုမနိုင်ပါဘူး။ စပိန်ပဲ အနိုင်ရမှာပါ။**
- **ဂျာမနီနဲ့ပိုလန်ပွဲမှာတော့ ဂျာမနီခြေကို သိပ်အားမရဘူး။ ပထမပွဲတုန်းက ကစားပုံကို သိပ်မကြိုက်ဘူး။ ဒီထက်ကောင်းရမှာ။ ပိုလန်က တစ်ပွဲရှုံးထားတော့ အနိုင်ရအောင် ကစားတော့မှာပါ။ ဒါပေမယ့် ဂျာမနီတို့ပဲနိုင်မယ်လို့ထင်တယ်။ ပိုလန် အုပ်စုက မတက်နိုင်ပါဘူး။**

(မြန်မာ့အလင်း)